Benefits of handing over leadership, decision making and resources to community responders

ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အရင်းအမြစ်များကို လူထုထံသို့ လက်လွှဲပေးခြင်း၏ အကျိုးများ

- အကြပ်အတည်းအပေါ် တုံ့ပြန်မှု ပိုမိုကောင်းမွန်လာခြင်း - ဒေသနှင့် ကိုက်ညီဆီလျော်မှုရှိသော လိုအပ်ချက်များနှင့် အခွင့်အလမ်းများ။
- အလုံးစုံလွှမ်းခြုံနိုင်မှုရှိခြင်း၊ အတားအဆီးများမရှိခြင်း - အရေးပေါ် တုံ့ပြန်မှု၊ ဖွံ့ဖြိုးရေး၊ အကာအကွယ်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု စသည့် ကဏ္ဍအားလုံးကို ခွင့်ပြုပေးနိုင်ခြင်း။
- လူထုအားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် ထည့်ဝင်မှုတို့ကို ပိုမိုတည်ဆောက်ပေးနိုင်ခြင်း
- စိတ်ဓာတ်ရေးရာ အကျိုးကျေးဇူးများ (ဂုဏ်သိက္ခာ၊ မျှော်မှန်းချက်နှင့် စိတ်ဒဏ်ရာမှ ပြန်လည်ကောင်းမွန်မှု)
- လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ (ပေါင်းစည်းညီညွတ်ခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းနှင့် တာဝန်ခံတာဝန်ယူမှု)
- လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း
- ရပ်ရွာလူထုက ရပ်ရွာအတွင်းရှိ အရင်းအမြစ်များ၊ စွမ်းဆောင်ရည်များကို သိမြင်လာသဖြင့် အနာဂါတ်တွင် ကြုံတွေ့နိုင်သည့် အခက်အခဲများကို အချိန်မှီ ထိရောက်စွာ တုန့်ပြန်ဆောင်ရွက်နိုင်လာမည်။
- ပိုမိုတွက်ခြေကိုက်သည် - ရန်ပုံငွေအနည်းငယ်ဖြင့် လူထုအများအပြားကို ကူညီနိုင်သည်။
- လုပ်ငန်းခွင်မှ သင်ယူမှုတဆင့် စွမ်းရည်မြင့်တင်တည်ဆောက်ခြင်း (လုပ်ငန်းလုပ်ဆောင်ရင်း လမ်းပျောက်မှုကို ရှောင်ရှားနိုင်ခြင်း၊
- ပြဿနာ၏အရင်းအမြစ်ကို ဖြေရှင်းပေးမည့် ရေရှည်လုပ်ငန်းစဉ်ကို အရှိန်ကောင်းစေခြင်း၊ အားပေးခြင်း
- လူထု၏ အကြပ်အတည်းအပေါ် ခံနိုင်စွမ်းရည်ကို ပိုမိုအားကောင်းလာစေခြင်း

Potential risk of handing over leadership, decision making and resources to communities in crisis

ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အရင်းအမြစ်များကို လူထုထံသို့ လက်လွှဲပေးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများ

- ခေါင်းဆောင်များမှ အလွန်အကျွံလွှမ်းမိုးခြင်း၊ ရပ်ရွာခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများမှ အလွန်အကျွံ စိုးမိုးခြယ်လှယ်ခြင်း၊ **မိမိကလုပ်ဆောင်ပေးသည့်ပမာ နာမည်ယူခြင်း အခွင့်အရေးယူခြင်း။**
- အပစ်ပယ်ခံအုပ်စုများကို ထည့်သွင်းစဉ်းစားခြင်းမရှိခြင်း။
- ဖိုမဆိုင်ရာသတ်မှတ်ချက်များကြောင့် အမျိုးသမီးများ အပြည့်အဝပါဝင်ခွင့်မရခြင်း။
- မနာလိုဝန်တိုမှုနှင့် လူထုအတွင်းရှိတင်းမာမှုများကို ဖြစ်ပေါ်စေနိုင်သည်။
- တာဝန်ခံတာဝန်ယူမှုရေးရာ ကိစ္စများ၊ ရံပုံငွေအလွဲသုံးမှုများနှင့် အကျင့်ပျက်ခြစားခြင်း။
- ပြင်ပမှ လုံခြုံရေးအန္တရာယ်များကို လှုံ့ဆော်ခြင်း။
- ရပ်ရွာလူထု၏စွမ်းဆောင်ရည်အတိုင်းအတာ - နည်းပညာ၊ စီမံခန့်ခွဲမှုနှင့် စွမ်းရည်လိုအပ်ချက်များ
- ဖေးမမှုပေးသော ခေါင်းဆောင်မှုကို လုံလောက်စွာ အထောက်အပံ့မပေးသဖြင့် အများသဘောတူသော ဆုံးဖြတ်ချက်များမချမှတ်ပဲ လူထုကို အသိသာပေး၍ အကောင်အထည်ဖော်စေခြင်း
- အလှူရှင်၏ လုပ်ငန်းစဉ်များ၊ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုမရှိခြင်း။
- **နည်းဗျူဟာချမှတ်ကာ စတစ်တကျ မလုပ်ဆောင်ခဲ့လျှင် ရပ်ရွာအတွင်း ဘာသာရေးအခြေပြု အုပ်စုငယ် အများအပြား ပေါ်ပေါက်လာနိုင်သည်။**
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်အပေါ် နားလည်သဘောပေါက်မှု အားနည်းခြင်းကြောင့် လူထုမှ ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း။

__၂၀၁၆ခုနှစ် ကုလသမဂအထွေထွေအတွင်းရေးမှူးက ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှု ထိပ်သီးဆွေးနွေးပွဲ အစီရင်ခံစာ__

လူသားချင်းစာထောက်ထားမှု နှင့် ဖွံ့ဖြိုးရေးချဉ်းကပ်နည်းလမ်းများသည် ဘေးအန္တရာယ်ကျရောက်သည့် ပါတ်ဝန်းကျင်တွင် ကျရောက်နေသည့် လူသားများ၏ဘဝအခြေအနေ အလားအလာကို တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းမှုသည် အကြိမ်ကြိမ် ကျရှုံးနေပါတယ်။ လူသန်းပေါင်းများစွာတို့ဟာ ကာလတိုအကူအညီတွေရဲ့ထောင်ချောက်ထဲကိုကျရောက်ပြီး ပြင်ပအကူအညီများကို အလွန်အကျွံမှီခိုအားထားတဲ့လာကြပါတယ်။ သူတို့ အနေနဲ့အသက်ရှင်သန်အောင်ထိန်းထားနိုင်ပေမဲ့ သူတို့ရဲ့ဘေးကင်းလုံခြုံမှုတွေ၊ လူသားဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်မှုတွေ၊ တိုးတက်အောင်မြင်ဘို့ အတွက်ဝစွမ်းရည်တွေ၊ ပြီးတော့ ရေရှည်မှာ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး အခြေအနေဖြစ်တည်ဖို့ အတွက်ကတော့ ဆုံးရှုံးနေကြပါတယ်။

" အကူအညီပေးနေသူများအနေနဲ့လည်း ရပ်ရွာလူထုတွေ၊ လုပ်သားပြည်သူတွေ လုပ်နေကြတဲ့ လုပ်ငန်းတွေကို ဘယ်လိုပြောင်းလဲလုပ်ဆောင်ရင် ပိုကောင်းတဲ့ရလာဒ်တွေရလာနိုင်မလဲ အဲဒီပိုကောင်းတဲ့ရလာဒ်ရအောင် သူတို့ကို ဘာတွေလုပ်ပေးနိုင်မလဲ ဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးဘို့သင့်နေပါပြီ"

"လူသားများဟာ သူတို့ရဲ့အသက်ရှင်သန်ရေးအတွက် သူတို့သာအဓိက ကျပါတယ်ထို့အပြင် သူတို့ဟာ သူတို့ နေထိုင်ရာနေရာဒေသမှာ အန္တရာယ်ကျရောက်ခဲ့ရင် ပထမဦးဆုံးရင်ဆိုင် တုန့်ပြန်ဆောင်ရွက်သူများဖြစ်သလိုဘဲ ပြန်လည်ထူထောင်ရေးနဲ့ ရေရှည်ဖွံ့ဖြိုးရေးဆက်လုပ်ဆောင်ဖို့အတွက် နောက်ဆုံးမှာ ရွာမှာနေထိုင်ကျန်ရစ်ပြီး ဆောင်ရွက်သူများဖြစ်ကြပါတယ်"

"အခြားအဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း နဲ့ တုန့်ပြန်ဆောင်ရွက်သည့် ဒေသခံအဖွဲ့ငယ်များရဲ့ လိုအပ်တဲ့ စွမ်းရည်များကိုမြှင့်တင်တည်ဆောက်ပြီး အားဖြည့်လုပ်ဆောင်ပေးခြင်းများဟာ ကျွန်ုပ်တို့ရဲ့ကြိုးပမ်းအားထုတ်မှု များ အောင်မြင်ဘို့အတွက် အဓိကကျသောလုပ်ဆောင်ချက်များဖြစ်ပါတယ်"

"ကျွန်ုပ်တို့အနေနဲ့ လိုအပ်ချက်များကို ရရှိနိုင်ဘို့ရာနှင့် အားနည်းချက်များကို လျှော့ချနိုင်ဘို့ ရန်အတွက် ခြားနားသော နည်းစနစ်များ၊ အယူအဆများနဲ့၊ လုပ်ဆောင်ဘို့ရာလိုအပ်ပါတယ်"

"နည်းလမ်းဟောင်းများ၊ သမရိုးကျ လူသားခြင်းစာနာထောက်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်း၏ ကျင့်စဉ်များကို ကျော်လွန် ကာ တွေးခေါ်လုပ်ဆောင် ကြစို့"

https://agendaforhumanity.org/resources/agendaforhumanity.html

<u>မကြာမီအချိန်အတွင်း ရံပုံငွေထောက်ပံ့ပေးထားသော အလှူရှင်များအား အဆိုပြုချက်များ</u>

- ရပ်ရွာလူထုများအား ၎င်းတို့စုပေါင်းကာစတင်လုပ်ဆောင်သည့်လုပ်ငန်းများကို စုပေါင်းပိုင်ဆိုင်မှုဖြင့် လုပ်ဆောင်ရန်အတွက် တာဝန်ပေးအပ်ခြင်း
- ဒေသတွင်းဖြစ်တည်မှုများဖြင့် လူထုအခြေပြုအကာအကွယ်ပေးမှု လုပ်ဆောင်လာနိုင်အောင် အကူအညီပေးရန် (အရေးပေါ်အကူအညီ၊ ပညာရေး၊ ရေသန့်၊ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ နှင့် အခြားကဏ္ဍများ)
- ဘေးအန္တရာယ်ဒဏ်ခံစားနေရသောသူများ၏ခံစားမှုများ (မိမိကိုယ်မိမိတန်ဘိုးထားမှု၊မိမိကိုယ်မိမိယုံကြည်မှု၊ အသက်ရှင်သန်မှုအလားအလာ၊ ပြန်လည်ထူထောင်ရေးနှင့် အသွင်ပြောင်းလဲတိုးတက်မှုများ) တိုးမြင့်လာအောင် လုပ်ဆောင်ရန်
- sclr သည် ဒေသခံများ၏ လုပ်ပိုင်ခွင့်မြှင့်တင်ပေးခြင်းကို အရင်းအမြစ်များကို ၎င်းတို့ထံတိုက်ရိုက်လွှဲပြောင်း ပေးအပ်ကာ ၎င်းတို့ကိုယ်တိုင်ဦးဆောင်ဆုံးဖြတ်ပြီး၊ ၎င်းတို့၏ကိုယ်ပိုင်အစီအစဉ်များနှင့် အကောင်အထည် ဖော်လုပ်ဆောင်စေခြင်းဖြင့် လုပ်ဆောင်ပေးရန်။
- ဘေးအန္တရာယ်ဒဏ်ခံစားနေရသော ရပ်ရွာလူထုများကို ဦးစားပေးလုပ်ဆောင်သည့် တာဝန်ခံတာဝန်ယူမှု ကိုလုပ်ဆောင်ခြင်းဖြင့် ဂုဏ်သိက္ခာမြှင့်တင်ပေးမည်။
- ဤချဉ်းကပ်နည်းလမ်းသည် ရပ်ရွာလူထုအနေဖြင့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်ဖြင့်ဆုံးဖြတ်လုပ်ကိုင်နိုင်လာပြီး ၎င်းတို့၏ကြံ့ခိုင်မှုနှင့်ခံနိုင်ရည်အားကောင်းလာကာပြင်ပအကူအညီများအပေါ်မှီခိုမှုကိုရှောင်ကွင်းနိုင်အောင် ဦးတည်လုပ်ဆောင်ရန်။

**Aim of supporting survivor/citizen/community-led response (sclr)**

**sclr (ကိုယ်ထူကိုယ်ထ (sclr) လုပ်ငန်းစဉ်၏ ရည်မှန်းချက်**

ဘေးအန္တရာယ်ကျရောက်မှုကိုခံစားရသည့်လုပ်သားပြည်သူများ၊ ရပ်ရွာလူထု များကလူသားဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နိုင်ရန်၎င်း၊ ချမ်းမြေ့ပြည့်စုံသည့် ဘက်စုံဖွံ့ဖြိုးရေး အားကောင်းလာစေရန်၎င်း၊ ခံနိုင်ရည်အား နည်းပါး စေသည့် အကြောင်းရင်းများကိုကိုင်တွယ်ဖြေရှင်းရာတွင်၎င်း၊ မိမိတို့အချင်းချင်းယိုင်ပင်း ကူညီကာ ရပ်ရွာလူထုများ ကိုယ်တိုင် ဦးဆောင်စီမံခန့်ခွဲလုပ်ဆောင်သော အတိုင်းအတာ၊ အကျိုးဖြစ်ထွန်းမှု နှင့် အရှိန်အဟုန်မြင့်မား လာစေရန်။ (စာနာနားလည်မှု၊ အပြန်အလှန်ကူညီမှု၊ စုပေါင်းကူညီမှု၊ လူထုအခြေပြု အန္တရာယ်လျော့ချရေးအစီအစဉ်နှင့် ခံနိုင်ရည်အားကောင်းမှု)

(compassion, mutual aid, collective aid, CB-DRR, resilience)

**Guiding principles of sclr**

ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်၏ အဓိကကျသော လမ်းညွှန်ချက်ဥပဒေများ

ရပ်ရွာလူထုများသည် မည်သည့်အန္တရာယ်ကျရောက်ချိန်တွင်မဆို **ပထမဆုံးတုံ့ပြန်ဖြေရှင်းကြသူများ** ဖြစ်သည်။ အန္တရာယ်ကျရောက်ချိန်တွင် အချင်းချင်းရိုင်းပင်းကူညီပေးခြင်းသည် လူသားများ၏ သဘော သဘာဝဖြစ်သည်။ တနည်းဆိုရသော် အပြန်အလှန်အကူအညီပေးခြင်းပင်ဖြစ်သည်။

1. **မိမိတို့အနေဖြင့် အန္တရာယ်ကျရောက်နေသော ရပ်ရွာလူထုများကို မည်ကဲ့သို့ ထိတွေ့ဆက်ဆံပြီး ၎င်းတို့အနေဖြင့်လည်း မည်ကဲ့သို့ ပြုမူဆောင်ရွက်ပါသလဲ။** ကူရာကယ်ရာမဲ့သူများကဲ့သို့ ဆက်ဆံပါက အန္တရာယ်ကျရောက်သူအချင်းချင်း ချိတ်ဆက်မှုအားနည်းပြီး တပါးသူအပေါ်မှီခိုမှုမြင့်တက်လာကာ ဒေသတွင်းရပ်ရွာလူထု အဖွဲ့များ ပေါ်ပေါက်မှုအား နည်းလာသည်။ အကယ်၍ ၎င်းတို့လက်ရှိကြုံတွေ့ နေရသော အခက်အခဲများကို ဖြေရှင်းနိုင်သည့် အလားအလာရှိသော ခေါင်းဆောင်များကဲ့သို့ ဆက်ဆံပါက စုပေါင်းစွမ်းအားဖြင့် ၎င်းတို့ကိုယ်တိုင် ကိုယ်ထူကိုယ်ထဖြေရှင်းနိုင်သည့် အလားအလာကို မြင့်တင်ပေးသည်။

2. ရပ်ရွာလူထုများတွင် ၎င်းတို့ကြုံတွေ့နေရသော အန္တရာယ်များကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းရန်အတွက် **၎င်းတို့၏ကိုယ်ပိုင် ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ သိမြင်နိုင်စွမ်းနှင့် အခွင့်အလမ်းများရှိသော်လည်း** ပြင်ပပုဂ္ဂိုလ်များအနေဖြင့် မသိရှိနိုင်ပါ။ ရပ်ရွာလူထုအနေဖြင့် အန္တရာယ်ကိုဖြေရှင်းရန်အတွက် အကူအညီအချို့ လိုအပ်နိုင်သော်လည်း သမရိုးကျအကူအညီပေးခြင်းလုပ်ငန်းများထက် ပိုမိုဖြေရှင်း နိုင်သော အလားအလာရှိသည်။

3. အန္တရာယ်ကျရောက်နေသော ရပ်ရွာလူထုများအနေဖြင့် ၎င်းတို့၏ များပြားလှသော အခွင့်အလမ်းများနှင့် ဦးစားပေးရွေးခြယ်မှုများကို စဉ်းစားဆင်ခြင်သုံးသပ်၍ **ထိုအန္တရာယ်များကို နည်းလမ်းလမ်းမျိုးမျိုးဖြင့် ရင်ဆိုင်ကျော်လွှား** လျှက်ရှိပါသည်။ ရပ်ရွာလူထု၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်နိုင်ရန်အတွက် ပြင်ပမှ ပြုလုပ်သည့် အကဲဖြတ်ဆန်းစစ်မှုများ မလိုအပ်သကဲ့သို့ ပြင်ပအဖွဲ့အစည်းများ (သို့) ပြင်ပလူပုဂ္ဂိုလ်များမှ ဝင်ရောက်လုပ်ကိုင်သည့် မည်သည့်အခြေအနေတွင်မဆို ကိုက်ညီဆီလျော်သည်ဆို သော အယူအဆကို ရှောင်ရှားရမည်။ **ရပ်ရွာလူထုများအနေဖြင့် ကျိုးကြောင်းဆီလျော်မှုရှိသော အစီအမံများကို ချမှတ်ထားပြီးဖြစ်သည်။** ထို့ကြောင့်

ရပ်ရွာလူထုကို ရွေးခြယ်ခွင့်ပေးပါ။ အနာဂါတ် အန္တရာယ်များ ကျရောက်ချိန်တွင် ထိခိုက်လွယ်သော အခြေအနေကို လျှော့ချနိုင်မည့် လိုက်လျောညီထွေဖြစ်သည့် လုပ်ငန်းများဦးစားပေးစဉ်းစားပါ။

4. အကယ်၍ မိမိတို့အနေဖြင့် **လိုက်လျောညီထွေဖြစ်သော၊ လူထုနှင့် ကိုက်ညီမှုရှိသော၊ ဗဟိုချုပ်ကိုင်မှု မရှိသော ထိတွေ့ ဆက်ဆံမှုကို** အသုံးပြုပါက ရပ်ရွာလူထုများအနေဖြင့် **အန္တရာယ်ကျရောက်ချိန်တွင် ငွေကုန်ကြေးကျ သက်သာစွာဖြင့် လျင်လျင်မြန်မြန်တုံ့ပြန်နိုင်မည်ဖြစ်သည်။**

5. **လူ့ဂုဏ်သိက္ခာ၊ ပေါင်းစည်းညီညွတ်ခြင်း၊ ကြင်နာသနားခြင်းနှင့် မိမိကိုယ်ကိုယ်တန်ဖိုးထားမှုများ**သည် လည်း လူသားများအတွက်လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းများကဲ့သို့ အရေးပါလှပါသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကောင်းမွန်စေရန်အတွက် ရပ်ရွာလူထုအချင်းချင်း အပြန်အလှန်ကူညီရိုင်းပင်းမှုကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရန်လွန်စွာအရေးပါပါသည်။

6. **အမျိုးသမီးများနှင့် အခြားအပစ်ပယ်ခံအုပ်စုများအားလုံး** ဦးဆောင်ပါဝင်နိုင်စေရန်အတွက် အခွင့်အရေးပေးနိုင်ပါမှ အန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာမည်ဖြစ်သည်။

7. **မှားယွင်းခွင့်ရှိသော ပတ်ဝန်းကျင်ကို** အားပေးခြင်းသည် ကိုယ်ပိုင်တီထွင်ဖန်တီးမှု၊ အချိန်နှင့်တပြေးညီ သင်ယူမှုနှင့် ကိုယ်ပိုင်စိတ်ဓာတ်အစစ်အမှန်တို့ကို တည်ဆောက်ပေးနိုင်သည်။

8. **ကိုယ်ပိုင်စိတ်ဓာတ်အစစ်အမှန်သည်** ရပ်ရွာအခြေပြုအဖွဲ့အစည်းများကို မြင့်တင်ပေးနိုင်သကဲ့သို့ **၎င်းတို့၏ တာဝန်ခံတာဝန်ယူမှု** လုပ်ထုံးလုပ်နည်းများကိုလည်း တိုက်ရိုက်ထိခတ်နိုင်သည်။ ရပ်ရွာလူထုများကို **တာဝန်ယူဆောင်ရွက်နိုင်အောင် လုပ်ဆောင်ပေးပြီး ယုံကြည်လေးစားပါက** ၎င်းတို့ကလည်း တာဝန်သိစွာ လုပ်ကိုင်ဆောင်ရွက်လာမည်ဖြစ်သည်။

9. ရပ်ရွာလူထုများတွင် ကွဲပြားခြားနားသော ရိုးသားဖြောင့်မတ်မှု၊ ယုံကြည်စိတ်ချရမှုနှင့် ပရဟိတစိတ်ဓာတ်များရှိသည့် အဖွဲ့ဝင်များနှင့် အဖွဲ့များရှိကြပါသည်။ ထို့ကြောင့် ပိုမိုကောင်းမွန်သော အဖွဲ့များကို ရှာဖွေရန်အတွက် စွမ်းရည်များ၊ အသေအချာ သတိပြုရှာဖွေဖော်ထုတ်ရန်လိုအပ်ပါသည်။


10. အန္တရာယ်ကျရောက်သော ရပ်ရွာလူထုများ၏ အချင်းချင်း ချိတ်ဆက်လုပ်ဆောင်မှုနှင့် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်မှု ပိုမိုအားကောင်းလေလေ ၎င်းတို့၏ခံနိုင်ရည်နှင့် ပိုမိုကောင်းမွန်သော အခြေအနေသို့ ကူးပြောင်းနိုင်မှု အလားအလာများလေဖြစ်သည်။

11. ရပ်ရွာလူထုများအနေဖြင့် အရာအားလုံးကို မဖြေရှင်းနိုင်ပါ။ ထို့ကြောင့် ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ် အနေဖြင့် အခြားအကူအညီပေးသော လုပ်ငန်းများနှင့် ယှဉ်တွဲညှိနှိုင်းလုပ်ဆောင်ရမည်ဖြစ်သည်။

12. ထိရောက်သော လုပ်ငန်းစဉ်များအနေဖြင့် ထိရောက်မှုရှိသော ထွက်ခွာမှုမဟာဗျူဟာရှိရမည်ဖြစ်သည်။ သို့မှသာ NGOများနှင့် အလှူရှင်များထံမှ ရံပုံငွေများ မရရှိတော့သည့်အချိန်တွင်လည်း ရပ်ရွာလူထု၏ ကောင်းမွန်သော ခံနိုင်ရည်အားနှင့် ပြောင်းလဲမှုဖြစ်စဉ်များသည်လည်း ရေရှည်တည်တံ့မည်ဖြစ်သည်။

## Visual representation of sclr process

- အစိမ်းရောင်စက်ဝိုင်း သည်ဒေသခံအရပ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကိုညွှန်ပြသည်။
- ရွှေရောက်စက်ဝိုင်း သည် ရပ်ရွာမှ အစုအဖွဲ့များ၏ ဆောင်ရွက်ချက်များအားညွှန်ပြသည်
- ခရမ်းရောင်စက်ဝိုင်း သည်ရပ်ရွာမှအစုအဖွဲ့များကရပ်ရွာတွင်းနှင့်ပြင်ပရှိအစုအဖွဲ့များနှင့်ပေါင်းစည်း ခေါင်းဆောင်ခြင်းကိုညွှန်ပြသည်။



## Core components of sclr: the key tools in the sclr tool box

## ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်၏ အဓိကအခန်းကဏ္ဍများ - ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်၏ အဓိက လုပ်ဆောင်ရမည့် နည်းလမ်းများ (Core components of KKA)

1. တန်ဖိုးထားချဉ်းကပ်ခြင်း - ရှာဖွေခြင်း၊ တိုက်တွန်းအားပေးခြင်း၊ ရပ်ရွာလူထုတွင် ရှိသောအရာများအပေါ်တွင်စတင်တည်ဆောက်ပါ၊ အားသာချက်များနှင့် စွမ်းရည်များ၊ အခွင့်အလမ်းများနှင့် အယူအဆများ၊ တပါးသူကို အကူအညီပေးရန် လှုံ့ဆော်ပေးခြင်း
2. **ကြုံတွေ့နိုင်သောအန္တရာယ်များကို လျော့ချခြင်း(အထိခိုက်အနည်းဆုံးဖြစ်စေရန်လုပ်ဆောင်ခြင်း)** လုပ်ပိုင်ခွင့်ကို လွှဲပြောင်းပေးအပ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ရပ်ရွာအခြေပြုဖြေရှင်းနည်းလမ်းများကို အသုံးပြု၍ ၎င်းအန္တရာယ်များကို ရှောင်ရှားခြင်း (သို့) လျော့ချခြင်း
3. **အသေးစားရန်ပုံငွေလျှောက်ထားခြင်း၊ ရံပုံငွေထုတ်ပေးခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း** - အသုံးပြုရလွယ်ကူခြင်း၊ လျှင်မြန်စွာတုံ့ပြန်ဆောက်ရွက်နိုင်ခြင်း၊ လုပ်ပိုင်ခွင့်လွှဲပြောင်းပေး အပ် ခြင်းအတွက် တိုင်းတာနိုင်သော စနစ်ရှိခြင်း၊ လူထု၏ကိုယ်ပိုင်စိတ်ဓာတ်ကို အာမခံပေးနိုင်ခြင်းနှင့် အထက်အောက်တာဝန်ခံတာဝန်ယူမှု
4. **တောင်းဆိုမှုအခြေပြု အတတ်ပညာသင်တန်းများ** - လိုအပ်ချက်ရှိပါက နည်းပညာနှင့် စီမံခန့်ခွဲမှုသင်တန်းများပေးခြင်း၊ သင်ယူမှုအတွက် လိုအပ်သော အခြေအနေ၊ လိုအပ်ချက်ရှိသည်ဟု ခံစားရမှုနှင့် အခွင့်အလမ်းများ
5. **အတွေ့အကြုံမှသင်ယူခြင်းနှင့် ရရှိသောသင်ခန်းစာများကို မျှဝေခြင်း** - အတွေ့အကြုံများမှ ရရှိသော လုပ်သင့်သည့်လုပ်ငန်းများနှင့် မလုပ်သင့်သည့်လုပ်ငန်းများကို ရယူမျှဝေခြင်းနှင့် လိုအပ်သော စွမ်းရည်များကို မြှင့်တင်ပေးခြင်း။
6. **လုပ်ငန်းအောင်မြင်မှုရှိသော အဖွဲ့များကိုချိတ်ဆက်ပေးခြင်းနှင့် ပိုမိုနက်နဲသော လုပ်ငန်းများကို လုပ်ဆောင်ခြင်း** - အဓိကပြဿနာများကို ဖြေရှင်းရန် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ရေရှည်အထောက်အပံ့ဖြစ်စေမည့် လူထုအခြေပြုအန္တရာယ်ကျရောက်နိုင်သော အခြေနေများအားကာကွယ်မှုကို အားပေးရန်အတွက် ကျေးရွာလူထုအချင်းချင်းနှင့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း
7. **လူထုမှ တောင်းဆိုလာသည့် ညှိနှိုင်းဆောင်ရွက်ခြင်း** - ပြင်ပအဖွဲ့အစည်းများနှင့် လူထုအခြေပြု တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအကြား လက်တွဲလုပ် ဆောင်နိုင်မည့် သင့်လျော်သော ညှိနှိုင်းဆောင်ရွက်မှု စနစ်ကို ထူထောင်ခြင်း။
8. **လုပ်ထုံးလုပ်နည်းများကို ပူးပေါင်းပုံဖော်ခြင်းနှင့် တာရှည်ခံအောင် ချိန်ညှိခြင်း** - စီမံကိန်းအမှ သတ်မှတ်ချက်များကို ကျော်လွန်၍ ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်ကို အစဉ်တိုးတက် ပြောင်းလဲနေသော၊ ဒေသခံများမှ မိမိတို့၏ကိုယ်ပိုင်လုပ်ဆောင်နေသော လုပ်ငန်းတစ်ခုအဖြစ် ယူဆကျင့်သုံးခြင်း။

**Core responsibilities of the NGO Community Facilitators: the key drivers of sclr**

**NGOများ၏ လူထုဖွံ့ဖြိုးရေးလုပ်သားများ၏ အဓိကကျသည့် တာဝန်ဝတ္တရားများ - ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်ကို လမ်းညွှန်ပေးသည့် အဓိကအချက်များ (The key driver of KKA)**

1) အခြားသူများနှင့် ဒေသခံလူထုများကို ကိုယ်ထူကိုယ်ထချဉ်းကပ်နည်းလမ်းကို မိတ်ဆက်ရှင်းပြခြင်း။

2) ရပ်ရွာလူထုများ၏ လက်ရှိ အောင်မြင်မှုများကို ဖော်ထုတ်၍ ၎င်းအောင်မြင်မှုများအပေါ် ထပ်ဆင့် တည်ဆောက်ခြင်း၊ ၎င်းတို့၏အားသာချက်၊ အခွင့်အလမ်းများနှင့် အချင်းချင်းရိုင်းပင်းကူညီမှု အလေ့အထများကို တန်ဖိုးထားချဉ်းကပ်နိုင်အောင် ပံ့ပိုးကူညီပေးခြင်း။ (အသက်ရှင်သန်ရန်၊ ပြန်လည်ထူထောင်ရေးနှင့် နည်းစနစ်များ လုပ်ထုံးလုပ်နည်းများ အယူအဆများ ပြောင်းလဲနိုင်ရန်)

3) ပြဿနာဖြစ်ပွားမှုကို ရှောင်ရှားနိုင်ရန်အတွက် ဒေသတွင်း လူမှုရေးအခြေအနေများနှင့် ဒေသတွင်း ဖြေရှင်းနည်းလမ်း များကို ရှာဖွေဖော်ထုတ်ခြင်း။ (ထိခိုက်မှုနည်းစေသော စနစ်ကို ပံ့ပိုးပေးခြင်း)

4) **အသေးစားရံပုံငွေလျှောက်လွှာများ လျှောက်ထားခြင်းနှင့် ရံပုံငွေထုတ်ယူခြင်းကို ပံ့ပိုးပေးခြင်း။**

5) အတွေ့အကြုံမှ သင်ယူနိုင်ရန် ပံ့ပိုပေးခြင်း - ရပ်ရွာလူထုများကို ၎င်းတို့လုပ်ဆောင်သော လုပ်ငန်းများမှ သင်ခန်းစာများကို ရှာဖွေဖော်ထုတ်ပြီး ပြန်လည်အသုံးချနိုင်အောင် ကူညီပံ့ပိုးပေးခြင်း။

6) ဆက်သွယ်ဆောင်ရွက်မှုအသစ်များရရှိစေရန် ရပ်ရွာအခြေပြုအဖွဲ့များအကြားနှင့် အခြားအဖွဲ့အစည်းမျာအကြား ပူးပေါင်းလုပ်ဆောင်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းကို ပံ့ပိုးကူညီပေးခြင်းနှင့် ၎င်းအဖွဲ့များအကြား ရရှိသည့် သင်ခန်းစာများကို မျှဝေပေးနိုင်စေရန် ကူညီခြင်း။

7) လုပ်ငန်းအောင်မြင်မှုရှိ၍ တက်ကြွစွာလုပ်ဆောင်နေသော အဖွဲ့များကို ရေရှည်ပြန်လည်ထူထောင်ရေး၊ အန္တရာယ်ကျရောက်မှုကို ကာကွယ်ခြင်းနှင့် အန္တရာယ်ကျရောက် နိုင်မှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းအရင်းများကို ဖြေရှင်းနိုင်ရန် အတွက် ဒုတိယ/တတိယမြောက် သေးစားရန်ပုံငွေများ ပံ့ပိုးပေးခြင်း။

8) လိုအပ်ပါက ရပ်ရွာလူထုစေတနာ့ဝန်ထမ်းများကို အထက်ပေါ်ပြပါ အချက်အချို့ကို ဆောင်ရွက်နိုင်စေရန် လေ့ကျင့် သင်ကြားပေးခြင်း။ အထူးသဖြင့် အချက် ၂၊ ၃နှင့် ၆ တို့ဖြစ်သည်။

**"Appreciative Inquiry" & the 5 'D's**

**အပေါင်းလက္ခဏာဆောင်တွေးခေါ်ခြင်း နှင့် D ၅ လုံး (တန်ဘိုးထားချဉ်းကပ်လုပ်ဆောင်ခြင်း)**

**သတ်မှတ်ခြင်း (Define)** - ဘယ်အဖွဲ့၊ ဘယ်ရပ်ရွာလူထုနှင့် လက်တွဲ လုပ်ဆောင်မှာလဲ? ပိုမိုကျယ်ပြန့်သည့် ရပ်ရွာလူထုများအား ကူညီရန်ကြိုးစား နေသည့် တက်ကြွလှုပ်ရှားသည့် အဖွဲ့များကို ရှာခြင်း။

**ရှာဖွေဖော်ထုတ်ခြင်း (Discorver)** - ဘေးအန္တရယ်ကို ရင်ဆိုင်ဖြေရှင်း နေရသူများအချင်းချင်း အပြန်အလှန် ကူညီနေကြသည့်နည်းလမ်းများ လုပ်ငန်းများကိုရှာဖွေဖော်ထုတ်ခြင်း။ ထိခိုက်နစ်နာမှုများကိုလျှော့ပါးစေသည့် ဒေသတွင်းရှိ ဓလေ့များ၊ နည်းလမ်းများကို ရှာဖွေခြင်း။ ရပ်ရွာလူထု၏ယုံကြည်မှုကို ရရှိထားသည့်၊ ဖြောင့်မတ်တည်ကြည်မှု ရှိသည့် တက်ကြွလှုပ်ရှားသည့် အဖွဲ့များအကြောင်းကို စိစစ်လေ့လာခြင်း။

**မျှော်မှန်းချက်ချခြင်း (Dream)** - တက်ကြွလှုပ်ရှားသည့် အဖွဲ့များအနေဖြင့် ၎င်းတို့၏ရပ်ရွာလူထုကိုဆက်လက် အကူအညီပေးရန်အတွက် လက်တွေ့ကျအောင်မြင်နိုင်ချေရှိသည့် မျှော်မှန်းချက်ချထားရန် တိုက်တွန်း အားပေးခြင်း။

**ဒီဇိုင်းဆွဲခြင်း (Design)** - တက်ကြွလှုပ်ရှားသည့် အဖွဲ့များကို ၎င်းတို့ ဆက်လက်လုပ်ဆောင်မည့် အသေးစား စီမံကိန်းရေးဆွဲရန်နှင့် ကုန်ကျမည့် ဘတ်ဂျက်ကို တွက်ချက်ရန် တိုက်တွန်း နှိုးဆော်ခြင်း။

**အကောင်အထည်ဖော်လုပ်ဆောင်ခြင်း (Deliver)** - တက်ကြွလှုပ်ရှားသည့် အဖွဲ့များကို လိုအပ်သည့် အရင်းအမြစ်များကို ထောက်ပံ့ကာ ၎င်းတို့၏ လုပ်ငန်းစီမံချက်များကိုလက်တွေ့စတင်လုပ်ဆောင် နိုင်အောင်အကူအညီ ပေးခြင်း။ နည်းပညာ/ငွေသား/ပစ္စည်း/အကြံဉာဏ်။

1. Defining potentially eligible community responders (the first D)
   သင့်တော်၍အလားအလာရှိသော ရပ်ရွာလူထုများကို သတ်မှတ်ခြင်း

**အကူအညီပေးမည့် ရပ်ရွာအဖွဲ့အစည်းကို သတ်မှတ်ခြင်း။**

- **အချင်းချင်းရိုင်းပင်းကူညီမှုရှိပြီးသည့် ရပ်ရွာလူထုအဖွဲ့များ**
- **အကျပ်အတည်းကို ကျော်လွှားနိုင်ရန်အတွက် တက်ကြွစွာ စတင်လုပ်ဆောင်နေသူများ (ပြင်ပအလှူရှင်များကို စောင့်ဆိုင်းခြင်းမရှိကြသူများ)**
- ပြင်းပြသည့် စေတနာ့ဝန်ထမ်းစိတ်ဓါတ်ရှိခြင်း (ကုန်ကျမှုများကို ဒေသမှ ထည့်ဝင်ခြင်း)
- **စည်းလုံးညီညွတ်၍ ရပ်ရွာလူထုများမှ ယုံကြည်မှုရှိခြင်း**
- **ထိခိုက်မှုအရှိနိုင်ဆုံးနှင့် အပစ်ပယ်အခံရနိုင်ဆုံး သူများအား ပါဝင်ခွင့်၊ ရွေးချယ်ခွင့်များရရှိအောင် ကူညီပံ့ပိုးပေးခြင်း။**
- **အဖွဲ့အစည်းအမျိုးအစားများမှာ - ရေရှည်ထူထောင်ထားသည့် လူမှုအဖွဲ့အစည်း၊ စတင်ဖွဲ့စည်းထားခြင်း၊ ယာယီဖွဲ့စည်းထားခြင်း၊ လုံးဝစနစ်တကျဖွဲ့စည်းထားခြင်းမရှိသောအဖွဲ့၊ အဖွဲ့အစည်းတည်ဆောက်ပုံ မရှိသေးသောအဖွဲ့နှင့် စာတတ်မြောက်ခြင်းမရှိသောသူများနှင့်ဖွဲ့စည်းထားသည့်အဖွဲ့များ၊ လူတစ်ဦးတစ်ယောက်မှ လည်း စတင်နိုင်သည်။ ထိုအဖွဲ့အားလုံးအား တူညီသောပါဝင်ခွင့် ရရှိအောင် ကူညီပံ့ပိုးပေးရမည်။**
- **အသက်ရှင်သန်ရေး၊ ပြန်လည်ထူထောင်ရေး၊ ချမ်းမြေ့ပြည့်စုံသည့် လူမှုဘဝတည် ဆောက်ရေး၊ ဘေးအန္တရာယ်ကာကွယ်ရေးနှင့်ငြိမ်းချမ်းရေးတည်ဆောက်ရေးစသည့်မည်သည့် ကဏ္ဍကိုမဆို လုပ်ဆောင်နေသော**

ရပ်ရွာလူထုအဖွဲ့များဖြစ်နိုင်သည်။ ၎င်းကဏ္ဍများကို လုပ်ဆောင်နေသော အဖွဲ့များဖြစ်သော်လည်း ပြဿနာဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို လျော့ချသည့် လုပ်ငန်းများအား ဦးစားပေးလုပ်ဆောင်ရန် အကြံပြုသည်။

2. Discover (2nd D)

ရှာဖွေဖော်ထုတ်ခြင်း

တက်ကြွစွာရှာဖွေဖော်ထုတ်ခြင်း

- တိုးချဲ့လုပ်ဆောင်နိုင်သည့် အခြားသူများကို အကူအညီပေးခြင်းကို ကိုယ့်အားကိုယ်ကိုး စတင်လုပ်ဆောင်ဆဲ လုပ်ငန်းများ။ ကိုယ်ထူကိုယ်ထအဖွဲ့များ (သို့)စတင်ဖွဲ့စည်းသည့် အဖွဲ့များလည်း ပါဝင်လာနိုင်သည်။
- ရှိနှင့်ပြီးသား အောင်မြင်မှုများနှင့် ဒေသအခြေပြု ပြဿနာဖြေရှင်းနည်းလမ်းများ - ရင်ဆိုင်ဖြေရှင်းမှုများ၊ ပြန်လည်ထူထောင်မှု (သို့) အဓိကပြဿနာများကို ဖြေရှင်းရန် အယူအဆများ။
- ပိုမိုအကောင်အထည်ဖော်နိုင်ရန်တွက် အလားအလာရှိသော အလွတ်သဘောဖွဲ့စည်းထားသော အစဉ်အလာရ တက်ကြွစွာ လူထုအတွက် လုပ်ဆောင်ပေးနေသောအဖွဲ့များ။
- ထပ်ဆင့်မြင့်တင်ပေးနိုင်သော တစ်ဦးချင်းနှင့် အစုအဖွဲ့အလိုက် စွမ်းရည်များ၊ ကျွမ်းကျင်မှုများ နှင့် စွမ်းပကားများ ပိုမိုသိရှိစေရန်အတွက် ကျောင်းများ၊ ဆေးပေးခန်းများ၊ ရေခပ်ယူသည့်နေရာများ၊ ဘာသာရေးအဆောက်အဦး များ၊ ကုန်သည်များ၊ သားဖွားဆရာမများနှင့် လူငယ်အဖွဲ့များကိုလည်း ချဉ်းကပ်မေးမြန်းပါ။ အပစ်ပယ်ခံ လူတန်းစားများအတွက် အမြဲတမ်းဦးစားပေးစဉ်းစားပါ။

3. Dream (3rd D)

မျှော်မှန်းချက်ချခြင်း

a) လူထုအတွက် တက်ကြွစွာလုပ်ဆောင်ပေးနေသောအဖွဲ့များနှင့် အတူတကွ အချိန်ပေးပြီး ယုံကြည်မှုတည်ဆောက်ခြင်း။ ၎င်းတို့လုပ်ဆောင်ခဲ့သော လုပ်ငန်းများကို စေ့စပ်သေချာစွာ နားထောင်ပြီး ထိုလုပ်ဆောင်ခဲ့သော လုပ်ငန်းများအပေါ် အသိအမှတ်ပြုပေးပါ၊ ဂုဏ်ပြုပေးခြင်း။
b) ၎င်းတို့တွင်ရှိသော အခွင့်အလမ်းများနှင့် ဦးစားပေးရွေးချယ်မှုများကို အခြေပြု၍ အခြားသူများကို အကူအညီပေးနိုင်ရန်အတွက် မည်သည့်လုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရမည်ကို မေးမြန်းခြင်း။
c) အခြားကျေးရွာများ၊ ရပ်ကွက်များမှ ရရှိခဲ့သော အတွေ့အကြုံများကို သက်ဆိုင်သည့်အချိန်တွင် အလျဉ်းသင့်သလို မျှဝေပေးခြင်း။
d) အသေအချာစဉ်းစားမှုမရှိသော အနာဂါတ်လုပ်ငန်းစဉ်များကို ရှောင်ရှားပါ။ (ဥပမာ - တိကျသော အကြောင်းပြချက်တစ်စုံတစ်ရာမရှိပဲ ရရှိလာသော ရံပုံငွေကို အဖွဲ့ဝင်များမှ အညီအမျှခွဲဝေယူကြခြင်း။)
e) လက်တွေ့ကျသော အနာဂါတ်လုပ်ငန်းစဉ်များ ထွက်ပေါ်လာစေရန်ပံ့ပိုးပေးပါ။ (ဥပမာ - တစ်အိမ်ထောင်မှရရှိမည့် ငွေပမာဏ၊ ရပ်ရွာလူထုတစ်ရပ်လုံးကို ပိုမိုလွှမ်းခြုံနိုင်မည့် လုပ်ငန်းများနှင့် အခြားအကူအညီပေးရေးလုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားခြင်း။)
f) မျှော်လင့်ချက်အလွန်အကျွံပေးခြင်းကို ရှောင်ရှားပါ။ တင်ပြလာသမျှ အနာဂါတ်လုပ်ငန်းများ အားလုံးကို ရံပုံငွေမှ မလွှမ်းခြုံနိုင်ပါ။ "သင့်တော်၍အလားအလာရှိသော ရပ်ရွာလူထုများကို ရှာဖွေခြင်း" ခေါင်းစဉ်ကို သတိရပေးပါ။

4. Design (4th D – Prioritization of the most beneficial activity, Coach for preparation of MG proposal and Budget as needed)

ဖန်တီးပုံဖော်ခြင်း (ထိရောက်မှုအရှိဆုံးဖြစ်မည့် လုပ်ငန်းကို ဦးစားပေးရွေးခြယ်ခြင်း၊ အသေးစားရံပုံငွေ လျှောက်လွှာနှင့် ရံပုံငွေတွက်ချက်ခြင်းကို လိုအပ်သလို အကူအညီပေးခြင်း)

a) ရပ်ရွာလူထု၏ ဦးစားပေးရွေးခြယ်မှုကို လက်ခံပြီး ကောင်းမွန်စွာ နားလည်သဘောပေါက်အောင် နားထောင် ပေးခြင်း။
b) အသေးစားရံပုံငွေလျှောက်ထားခြင်း ပုံစံများအားလုံးအပေါ်တွင် နားလည်သဘောပေါက်မှုရှိအောင် ကူညီပံ့ပိုးပေးခြင်း။
c) အသေးစားရံပုံငွေလျှောက်ထားရာတွင် လိုအပ်သော ပုံစံများအားလုံးကို ပြင်ဆင်ရေးသားရာတွင် ကူညီပံ့ပိုးပေခြင်း။
d) အသေးစားရံပုံငွေပမာဏကို တွက်ချက်ခြင်းနှင့် ပြင်ဆင်ခြင်းတွင် ကူညီပံ့ပိုးပေးခြင်း။
e) အခြားအဖွဲ့အစည်းများ၊ ရံပုံငွေထည့်ဝင်ပေးနိုင်သည့် အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ် နိုင်အောင် ကူညီပေးခြင်း။
f) အတွေ့အကြုံရှိသော အခြားရပ်ရွာမှ အဖွဲ့များနှင့် ဆက်သွယ်ကာ လိုအပ်သည့် နည်းပညာ၊ အတွေ့အကြုံများကို ဆက်သွယ် ရယူနိုင်အောင် ကူညီပံ့ပိုးပေးပါ။

**5. Deliver** Enable the groups with necessary resources to implement their plans in practice

**အကောင်အထည်ဖော်လုပ်ဆောင်ခြင်း** - ၎င်းတို့၏ လုပ်ငန်းများ၊ အစီအစဉ်များကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော အရင်းအမြစ်များကို လွှဲပြောင်းပေးအပ်ခြင်း။

a) သက်ဆိုင်ရာရပ်ရွာလူထုများကို သဘောတူညီမှုစာချုပ်ကို ရေးသား၍ လက်မှတ်ထိုးရန်အတွက် တိုက်တွန်း အားပေးခြင်း။
b) ရပ်ရွာလူထုအားလုံး ရှင်းလင်းစွာသိရှိစေရန်အတွက် လိုအပ်သော မှတ်တမ်းနှင့် စာရွက်စာတမ်းများ ထားရှိအောင် ရှင်းပြပေးပါ။ ရရှိနိုင်ပါက ပြေစာများရယူခြင်းနှင့် မှတ်တမ်းဓါတ်ပုံများ ရယူခြင်း။
c) သွင်းအားစုများကို ပေးအပ်ခြင်း။ (ရံပုံငွေနှင့် လိုအပ်သော စွမ်းရည်များ)
d) ငွေသားသို့ ဘဏ်မှတစ်ဆင့် လွှဲပြောင်းပေး၍ ရရှိသော ရံပုံငွေများအတွက် လိုအပ်သော ပြေစာများနှင့် စာရွက်စာတမ်းရယူထားရမည်။
e) Mobile Money မှ လွှဲပြောင်းပေးသော ရံပုံငွေများတွက်မူ ပေးပို့သူနှင့် ရရှိသူနှစ်ဦးစလုံးထံမှ မှတ်တမ်းဓါတ်ပုံများ ရယူထားရမည်။
f) ရပ်ရွာစေတနာ့ဝန်ထမ်းများ သို့ ရပ်ရွာအစုဖွဲ့များမှ တင်ပြလာသော စာရွက်စာတမ်းများနှင့် အစီရင်ခံစာများကို သေချာစွာလေ့လာဖတ်ရှုခြင်း။
g) ရပ်ရွာအစုအဖွဲ့များအား အတွေ့အကြုံမှ သင်ခန်းစာများကို ဖော်ထုတ်သင်ယူနိုင်အောင် ပံ့ပိုးကူညီပေးခြင်း။
h) ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်အတွက် လိုအပ်သော သင်ခန်းစာများကို ရယူခြင်း။
i) အသေးစားစီမံကိန်း ပထမအရစ်မှ လုပ်ဆောင်ချက်များကို အခြေခံ၍ နောက်တစ်ကြိမ်ပေးအပ်ရန် သင့်လျော်မှု ရှိ/မရှိကို စဉ်းစားရမည်။ ရပ်ရွာအစုအဖွဲ့များအား အတွေ့အကြုံမှ သင်ခန်းစာများကို ဖော်ထုတ်သင်ယူပြီး လက်တွေ့ကျသော အနာဂါတ် လုပ်ငန်းစဉ်များ ရေးဆွဲခြင်း။
j) အခြားအဖွဲ့များနှင့်ဆက်သွယ်ကာ ချိတ်ဆက်လုပ်ဆောင်တတ်ခြင်း၊ အလှူရှင်အဖွဲ့အစည်းများနှင့် လိုအပ်သလို ဆက်သွယ်တတ်ခြင်း၊ မိမိတို့၏ အတွေ့အကြုံများကို အခြားသူများအား ဝေမျှပေးနိုင်အောင် အကူအညီပေးခြင်း။
k) အခက်အခဲတွေ့နေသော ရပ်ရွာလူထုများကို ၎င်းတို့ရပ်ရွာဒေသ၏ ကိုယ်ပိုင်ဖွံ့ဖြိုးရေးခရီးရှည်တွင် ၎င်းတို့ကိုယ်တိုင် ဦးဆောင် လုပ်ကိုင်အောင် တိုက်တွန်းအားပေးခြင်း။

*HO# 6*

**This is not business as usual!**

**ယခင်လုပ်ရိုးလုပ်စဉ်အတိုင်း သမရိုးကျ လုပ်ဆောင်ရသည့် လုပ်ငန်းမဟုတ်ပါ။**

- ✓ Don't overlook the significance of crisis-induced mutual aid – and recognise the psychosocial felt-*need* of people to help each other.
- ✓ အကြပ်အတည်းကြောင့်ဖြစ်ပေါ်လာသော ရပ်ရွာလူထု၏ အပြန်အလှန်ကူညီမှုကို လျှော့မတွက်လိုက်ပါနှင့် တန်ဘိုးထားရပါမည် ။ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ဖြစ်သည့် အချင်းချင်းအပြန်အလှန်ကူညီမှုကို အသိအမှတ်ပြုပေးပါ။
- ✓ Understand and build on local systems of accountability, safe-guarding and do-less-harm – don't depend only on imposed external systems
- ✓ ရပ်ရွာဒေသမှ လက်ခံအသုံးပြုနေသော တာဝန်ခံတာဝန်ယူမှု၊ အကာကွယ်ပေးမှုနှင့် ထိခိုက်မှု အနည်းဆုံးဖြစ်အောင်လုပ်ဆောင်သည့် နည်းလမ်းများ စနစ်များကို နားလည်သဘောပေါက်အောင်လုပ်ဆောင်ပြီး ၎င်းနည်းလမ်းများ၊စနစ်များ ရှင်သန်အားကောင်းအောင် ဆက်လက်တည်ဆောက်ပါ။ ပြင်ပမှယူဆောင်လာသော စနစ်များကိုသာ မှီခိုခြင်းမပြုပါနှင့်
- ✓ Stop using external values to try to control outcomes: learn to trust again and build on local values and local good practice
- ✓ ရလဒ်များထွက်ပေါ်မှုကို ထိန်းချုပ်ရန်အတွက် အပြင်လူများမှ သတ်မှတ်ထားသော တန်ဘိုးထားမှုများကို အသုံးမပြုပါနှင့်။ ယုံကြည်မှုပေးနိုင်အောင် သင်ယူပါ။ ရပ်ရွာဒေသမှ တန်ဖိုးထားမှုများနှင့် အလေ့အထကောင်းများ ပေါ်တွင် တည်ဆောက်ပါ။
- ✓ Stop separating humanitarian & development processes
- ✓ လူသားခြင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ခွဲခြားမှုကို ရပ်တံ့ပါ။
- ✓ Don't try to get communities to participate in our projects...recognise that we have to learn to start participating in theirs
- ✓ ရပ်ရွာလူထုကို ကျွန်ုပ်တို့၏ စီမံကိန်းများတွင် ပါဝင်လာအောင် မကြိုးစားပါနှင့် ရပ်ရွာလူထုများထံမှ သင်ယူပြီး ၎င်းတို့၏ လုပ်ငန်းများတွင် ကျွန်ုပ်တို့ပူးပေါင်းပါဝင်ကြရမည်။

At the same time:

အလားတူ

- Be ready to challenge communities, and some local norms (especially around aid entitlement) – don't be intimidated by those looking for easy handouts
- KKA နှင့်ပါတ်သက်၍ ရပ်ရွာလူထုနှင့်၎င်း၊ ဒေသဆိုင်ရာ ဓလေ့စံနှုန်းများနှင့်ပါတ်သက်၍၎င်း ဆွေးနွေးညှိနှိုင်းရာတွင်၎င်း ကျွန်ုပ်တို့အနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ရန်လိုအပ်ပေသည်။ အထူးသဖြင့် အလကားရမည့်အကူအညီ (ငွေသား၊ စားနပ်ရိက္ခာ၊အဂတ်အစားများ) ကို အလွယ်တစ်ကူရရှိရန်ရှာဖွေနေသည့် သူများနှင့်တွေ့ကြုံရတတ်သည်ဖြစ်ရာ စိတ်ဓါတ်မပျော့ညံ့ပါစေနှင့်။
- Avoid "lazy programming" – preventing the risks we identified on Day 1 requires all the steps we have gone through plus skilful facilitation

- KKA စီမံကိန်းအစီအစဉ်ကို ဖြစ်ကတတ်ဆန်း လုပ်ခြင်းကို ရှောင်ကျဉ်ရပါမည်။ ကျွန်ုပ်တို့ ပထမနေ့တွင် ရှာဖွေဖော်ထုတ်ထားသည့် KKA နည်းလမ်းဖြင့် လုပ်ဆောင်သည့် အကူအညီကို လက်ခံခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာ အကြပ်အတည်းများကို မည်သို့မည်ပုံ ကာကွယ်သွားမည်ကို ဆက်လက်လုပ်ဆောင်သည့် ခြေလှမ်းတိုင်းတွင် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ မိမိတို့ တတ်ကြွမ်းနားလည်သည့် ကျွမ်းကျင်မှု စွမ်းရည်များဖြင့်ကူညီပံ့ပိုးပေးရမည်။
- Treat community members as fellow citizens - earn their respect by being smart, strong, clear, respectful
- ရပ်ရွာလူထုများကို ဂုဏ်သရေရှိသော နိုင်ငံသားများကဲ့သို့ ဆက်ဆံပါ။ ထက်မြက်မှု၊ ကြံ့ခိုင်မှု၊ ရှင်းလင်းမှုနှင့် ယုံကြည်ကိုးစားအောင်နေထိုင်ခြင်းအားဖြင့် ရပ်ရွာလူထု၏ လေးစားမှုကို ရယူပါ။
- Dig deep – people often tell you what they think you want to hear, not the truth
- သေချာစွာ လေ့လာပါ။ လူသားများအနေဖြင့် အမှန်မဟုတ်ပဲ သင်ဘာသိချင်သည်ဟု ၎င်းတို့ထင်မြင်ယူဆသည်ကို သာ ပြောပြလေ့ရှိသည်။

**Old and new thinking (သမရိုးကျနည်းလမ်း နှင့် နည်းလမ်းအသစ်)**

| Old thinking သမရိုးကျအတွေးအခေါ် | New thinking: ဆန်းသစ်သည့်အတွေးအခေါ် |
|---|---|
| Get the community to participate in our projects<br><br>ရပ်ရွာလူထုများကို မိမိတို့စီမံကိန်းတွင် ပါဝင်စေသည် | Learn how we can better participate in their initiatives<br>ရပ်ရွာလူထုများ၏ လုပ်ငန်းများတွင် မိမိတို့အနေဖြင့် မည်ကဲ့သို့ အကောင်းဆုံး ပါဝင်ရမည်ကို သင်ယူသည်။ |
| Needs assessments only<br>(glass half empty)<br>လိုအပ်ချက်များကိုသာ ရှာဖွေသည် | Start with strengths & opportunities<br>(glass half full)<br>ရပ်ရွာလူထု၏ အားသာချက်များ အခွင့်အလမ်းများဖြင့် စတင်သည်။ |
| Capacity-building (one-way)<br>စွမ်းရည်မြှင့်တင်ခြင်း (တစ်ကြောင်းဆွဲ) | Build on capacity (two-way)<br>ရှိပြီးသား စွမ်းရည်အပေါ်တွင် တည်ဆောက်သည်။ |
| One size fits all<br>အားလုံးနှင့်ကိုက်ညီသည့် ဖြေရှင်းနည်းလမ်း စနစ်တရပ် ရှိသည်ဟုယုံကြည်ကျင့်သုံးခြင်း။ အဝတ်အစား ဆိုဒ် တစ်ခုသတ်မှတ်ကာ အားလုံးအတွက် ကွက်တိ ကိုက်ညီမည်ဟု ယုံကြည်ဖြန့်ဝေခြင်းမျိုးဖြစ်သည်။ | Nexus, holistic, heterogeneous<br>ဆက်စပ်မှုရှိသည်။ အလုံးစုံလွှမ်းခြုံသည်။<br>ကဏ္ဍပေါင်းစုံလုပ်ဆောင်သည်။ |
| Pre-design the project and implement<br>စီမံကိန်းကို ကြိုတင်ရေးဆွဲထားပြီး အကောင်အထည်ဖော်သည်။ | Enable multiple local initiatives: see whyHpat works<br>ရပ်ရွာလူထုက လုပ်ဆောင်နေသော လုပ်ငန်းပေါင်းစုံကို လမ်းဖွင့်ပေးသည်။ |

| | |
|---|---|
| Impose external compliance mechanisms aimed only at upward accountability<br>အောက်မှ အထက်သို့ တာဝန်ခံတာဝန်ယူခြင်းကို ရည်ရွယ်၍ ပြင်ပမှ လုပ်ထုံးလုပ်နည်းများကို ပြဌာန်းသည် | Tap into local ownership, trust & socio-cultural mechanisms that prioritise downward accountability<br>ရပ်ရွာလူထု၏ ကိုယ်ပိုင်စိတ်ဓါတ်၊ ယုံကြည်မှုနှင့် လူမှုရေးဆိုင်ရာ ဓလေ့များကို မြင့်တင်ပြီး ရပ်ရွာလူထုအချင်းချင်း တာဝန်ခံတာဝန်ယူခြင်းကို ဦးစားပေးလုပ်ဆောင်သည် |
| Fail-safe (fall backwards)<br>ဆုံးရှုံးမှုမဖြစ်အောင် ကာကွယ်ထားသည် | Safe-to-fail (fall forward)<br>ဆုံးရှုံးမှုဖြစ်ပေါ်ခြင်းကို လက်ခံပေးသည် |
| Fixed SOPs reflecting on organisational norms<br>အဖွဲ့၏ စံသတ်မှတ်ချက်များကို အခြေခံ၍ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများထားရှိသည်။ | Flexible, "balanced" operating procedures informed by local realities<br>ဒေသ၏အခြေအနေမှန် သတင်းအချက် များကို မှနည်ကာ ပြောင်းလွယ်ပြင်လွယ်ရှိ၍ မှန်ကန်မျှတသည့် လုပ်ထုံးလုပ်နည်း များရှိသည်။ |

*HO# 7*

**Locally sensitive mechanisms to "Do-Less-Harm"**

**ထိခိုက်မှုနည်းပါးစေရန်အတွက် ဒေသနှင့် ကိုက်ညီဆီလျော်မှုရှိသော လုပ်ငန်းယန္တယားများ**

1) ပထမဦးဆုံးကျင်းပသော ရပ်ရွာလူထုအစည်းအဝေးတွင် ကိုယ်ထူကိုယ်ထ လုပ်ငန်းစဉ်အကြောင်းကို အသေးအချာရှင်းပြပေးခြင်း။

2) ရှင်းလင်း၍ အရည်အချင်းပြည့်မှီမှုရှိသော သတ်မှတ်ချက်များ - သမာသမတ်ကျမှု၊ ယုံကြည်အားကိုးနိုင်မှု၊ စေတနာ့ဝန်ထမ်းစိတ်ဓါတ်ရှိမှုနှင့် အခြားသူများကို အကူအညီပေးလိုမှု (သတ်မှတ်ခြင်း)

3) စစ်မှန်သော ပိုင်ရှင်စိတ်ဓါတ်နှင့် သင့်တော်သော လူတန်းစားပေါင်းစုံပါဝင်မှု ကို အသေအချာဖြစ်ပေါ်စေမည့် စုပေါင်းလုပ်ဆောင်သည့် လုပ်ငန်းများ အနက်မှ အကောင်းဆုံးကို ရွေးခြယ်ခြင်း။

4) ရပ်ရွာလူထုများနှင့်အတူ ရပ်ရွာတွင်း ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များနှင့် ၎င်းအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားရမည့် နည်းလမ်းများကို ရှာဖွေဖော် ထုတ်ပါ။ အားနည်းချက်များကို ရှောင်ရှားပြီး ရပ်ရွာတွင်ရှိထားပြီးဖြစ်သော နည်းလမ်းများ၏ အားသားချက်များအပေါ် မူတည်၍ တည်ဆောက်ခြင်း။

5) ခေါင်းဆောင်များမှ အလွန်အကျွံလွှမ်းမိုးခြင်း ဖြစ်ပေါ်မှုမဖြစ်စေရန် စဉ်ဆက်မပြတ် ထိန်းသိမ်းပေးခြင်း။

6) လုပ်ငန်းလုပ်ဆောင်မှုအဆင့်တိုင်းတွင် အများသိအမြင်ရှင်း ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ထိန်းသိမ်းလုပ်ဆောင်ခြင်း။ စီမံကိန်းလျှောက်လွှာ  ရေးသားခြင်း၊ ရံပုံငွေပေးအပ်ခြင်း၊ ရပ်ရွာလူထုထံသို့ အစီရင်ခံတင်ပြခြင်း၊ အဖွဲ့အတွင်း အပြန်အလှန်စစ်ဆေးခြင်းနှင့် ရပ်ရွာလူထုအတွင်း သင်ယူခြင်း။

7) အသေးစားရံပုံငွေလျှောက်လွှာပုံစံများနှင့် လုပ်ငန်းစဉ်များအပေါ် စီစစ် ထိန်းညှိခြင်း။

8) ရပ်ရွာဒေသမှ အရင်းအမြစ်များထည့်ဝင်မှုကို အထောက်အပံ့ပေး မြင့်တင်ခြင်း။

9) သင့်လျော်သော စာရင်းထိန်းသိမ်းမှု၊ ငွေကြေးထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းနှင့် အစီရင်ခံစာပေးပို့ခြင်းစနစ်များ ထိန်းသိမ်း ထားရှိခြင်း။

10) ရံပုံငွေများကို အသေးစားရံပုံအဖြစ်သာ အသုံးပြုခြင်း။ များသောအားဖြင့် ကျပ်ငွေ ၃၀ သိန်း ကြားအသုံးပြုခြင်း။ လွဲမှားရန်စိတ်ချရသော ပတ်ဝန်းကျင်ဖန်တီးပေးခြင်း (တိုက်တွန်းအားပေးခြင်း၊ ခွင့်ပြုပေးခြင်း၊ အဓိကကျသော တုန့်ပြန်ပြောဆိုမှုများကို ဖန်တီးပေးခြင်းနှင့် လွဲမှားခြင်းအတွက်အပြစ်မဖြစ်ခြင်း။)

11) ရပ်ရွာလူထုနှင့် ကိုက်ညီဆီလျော်သော အကြံပြုချက်စနစ်ထားရှိခြင်း။

12) ရပ်ရွာကူညီပံ့ပိုးသူများနှင့် ရပ်ရွာစေတနာ့ဝန်ထမ်းများ၏ ခံယူချက်နှင့် အရည်အချင်းများကို ကောင်းမွန်အောင်သင်ကြားပေးထားခြင်း။

Identify local risks & mitigation measures with community

## ကျရောက်နိုင်သည့်အန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်းနှင့် လူထုပါဝင်မှုဖြင့် သက်ရောက်မှုအတိုင်းအတာကို လျှော့ချခြင်း

ရပ်ရွာအတွင်းတွင် တွေ့ရှိရတတ်သော ဖြစ်ပွားနိုင်သည့် ပြဿနာများနှင့် ထိုပြဿနာများကို လျော့ပါးစေအောင် လုပ်ဆောင်မည့်နည်းလမ်းများကို ရပ်ရွာလူထုက ရှာဖွေခြင်း

အကြပ်အတည်းကိုရင်ဆိုင်နေရသော ရပ်ရွာလူထုများအနက်မှ ပရဟိတစိတ်ထားနှင့် တက်ကြွစွာ အချင်းချင်း အကူအညီပေးနေ စေတနာ့ဝန်ထမ်းများကို တွေ့ရှိရပါတယ်။ KKA ကို တိုးမြှင့်လုပ်ဆောင်နေသော MSS နှင့် NNGO များအနေဖြင့် ထို ဖြူစင်စေတနာဖြင့် အကူအညီပေးနေသည့် စေတနာ့ဝန်ထမ်းများ၏ အချင်းချင်း အကူအညီပေးနေသည့်လုပ်ငန်းအား ပိုမိုထိရောက်သည့် အကျိုးဖြစ်ထွန်းမှုရှိစေရန် နှင့် ကျယ်ပြန့်စွာလုပ်ဆောင်လာနိုင်စေရန် လိုအပ်သည့် နည်းပညာနှင့် အရင်းအမြစ်များကို ကျွန်ုပ်တို့အနေဖြင့် ပံ့ပိုးပေးရန်လိုအပ်လှပေသည်။ လက်ရှိအခက်အခဲ ကို ကြုံတွေ့နေရသည့် ရပ်ရွာလူထုအနေဖြင့် ဤအခြေအနေမျိုးတွင် အကူအညီရရှိလာသည့် ပစ္စည်းများ၊ ငွေသားအကူအညီများသည် ရပ်ရွာလူထုတစ်ရပ်လုံး၏လိုအပ်ချက်ကို အားလုံးကျေနပ်သည်အထိ ဖြည့်ဆည်းရန် မလုံလောက်မှန်းလည်း သိရှိကြသည်။ ထို့ကြောင့်လည်း ထိုအကူအညီများကို မလေလွင့်အောင် ထိထိရောက်ရောက် ရပ်ရွာလူထုအတွက် အကျိုးရှိအောင် အတတ်နိုင်ဆုံးကျိုးစားလုပ်ဆောင်ကြသည် အထူးသဖြင့် အလိုအပ်ဆုံးသူများက အကူအညီရရှိအောင် ဂရုပြုလုပ်ဆောင်ကြသည်။

မည်သို့ဆိုစေ ဆင့်ပါးစပ်နမ်းပက်သကဲ့သို့ ရရှိလာသည့် အလွန်နည်းပါးသည့် အကူအညီမျိုးရရှိလာခဲ့လျှင် သက်ဆိုင့်သည့် ရပ်ရွာလူထုအားလုံး မျှမျှတတ ရရှိအောင်ပင် ဝေငှပေးရန် မလုံမလောက်သည့် အခြေအနေမျိုးတွင် အငြင်းပွား အချင်းများမှုများ ဖြစ်ပေါ်လာတတ်ပေသည်။ ဤသို့သောအခြေအနေမျိုးတွင် ရပ်ရွာလူထု အားလုံးက သဘောမတူသော်လည်း အလိုအပ်ဆုံးသူများ မဖြစ်မနေ ရရှိအောင် လုပ်ဆောင်ရသည့် အခြေအနေမျိုးလည်း ကြုံတွေ့ ရမည်ဖြစ်သည်။ ထိုအနေအထားကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြားမှုများ၊ သံသယများ၊ တင်းမာမှုများ မလွဲမသွေ ဖြစ်ပေါ်လာပေလိမ့်မည်။ ကျွန်ုပ်တို့ သိရှိထားသကဲ့သို့ "ငွေ" ဆိုသည့်အရာသည် လူသားများအား အကူအညီ ဖြစ်စေနိုင် သကဲ့သို့ ငွေနှင့်ပါတ်သက်သည့် ပြဿနာများ၊ ဖြားယောင်းသွေးဆောင်မှုများ၊ အလွဲသုံးစားမှုများ ဖြစ်ပွားတတ် ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ရပ်ရွာလူထု တစ်ဦးချင်းစီ၊ တစ်ဖွဲ့ချင်းစီ၏ လက်ရှိလိုအပ်ချက်အားလုံးကို မဖြည့်ဆည်းပေးနိုင်သည့် အင်အား မရှိသဖြင့် လက်ရှိ ရပ်ရွာလူထုအတွက် ကျွန်ုပ်တို့ အကူအညီပေးသည့် လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် မမျှော်လင့်ထားသည့် မလိုအားအပ်သည့် ပြဿနာ အကြပ်အတည်းများကိုလည်း လျှော့ချလိုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မေးခွန်းအနည်းငယ်မေးလိုပါသည်။ `

"ဤရပ်ရွာအတွင်းမှာ ပြင်ပအကူအညီများ ရရှိလာမှုကြောင့် အချင်းချင်း (သဘောထားမတိုက်ဆိုင်မှု၊ အငြင်းပွားမှုများ၊ ပဋိပက္ခများ) ပြဿနာတက် နိုင်ပါသလား။"

ဤပြဿနာမဖြစ်အောင် မည်သို့မည့်ပုံ စီမံရှောင်ရှားရပါမည်လဲ။

ဤပြဿနာကို ဖြေရှင်းရာတွင် ရပ်ရွာအတွင်းမှ မည်သူတွေ၊ မည်သည့်အုပ်စုတွေ၊ အဖွဲ့တွေပါဝင်ဖြေရှင်းရင် ကောင်းပါမည်လဲ။ (ကျား၊မ၊လူငယ်၊သက်ကြီး၊အာဏာပိုင်၊ရပ်မိရပ်ဖ၊မျိုးနွယ်စုခေါင်းဆောင်များ) အားလုံး ပါဝင်ဖြေရှင်းခွင့် ရှိပါသလား။ အကြံပေးပါဦးရှင့်။

**Do-less-harm: Risk Mitigation Feedback sheet**

**ထိခိုက်မှုနည်းပါးစေရန်အတွက်- ကျရောက်နိုင်သော အန္တရာယ်ကို လျှော့ချခြင်းအကြံပြုလွှာ**

အဆိုပြုလွှာများကို မသုံးသပ်မီ တန်ဖိုးထားချဉ်းကပ်ခြင်း လုပ်ငန်းစဉ်လုပ်ဆောင်ချိန်တွင် ရပ်ရွာကူညီပံ့ပိုးသူမှ ဖြည့်သွင်းရမည်

**အကြိုရံပုံငွေ- ပထမဆုံး ထိခိုက်မှုနည်းပါးစေရန်သုံးသပ်ခြင်း ကာလ (လ/နှစ်)** ......................

**တည်နေရာ- ရွာ/ရပ်ကွက်/**IDP **စခန်း** ......................

**ကျရောက်နိုင်သည့် အန္တရာယ်များ (ရှိပါက)- အသေးစားစီမံကိန်းအနေဖြင့် ဤရပ်ရွာဒေသကို မည်ကဲ့သို့ ထိခိုက်မှုရှိနိုင်သည်ကို ရပ်ရွာလူထုများ သို့မဟုတ် အဓိကသတင်းပေးသူများမှ ပြောပြလာပါသလား။ ရှိပါက အောက်တွင် ရေးချပါ။ အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားရမည့် နည်းလမ်းများ- ကျရောက်နိုင်သည့် အန္တရာယ်များရှိပါက ရပ်ရွာလူထုများ သို့ အဓိကသတင်းပေးသူများမှ ပြောသော ကျရောက်နိုင်သည့်အန္တရာယ်များကို ရှောင်ရှားနိုင် မည့် နည်းလမ်းများကို ချရေးပါ။**

| **စဉ်** | **ပြဿနာအမျိုးအစား** | **လျှော့ချဖြေရှင်းမည့် နည်းလမ်း** |
|---|---|---|
| | ရွာတွင်းမှာဖြစ်နိုင်သောပြဿနာ | |

---------------------------------------------------------------------------------------------------------------------------

**Post-grant : Outcomes/lessons learned** related to DLH and mitigation measures.

**အသေးစားရံပုံငွေပံ့ပိုးပြီးချိန် - ထိခိုက်မှုနည်းပါးစေရန်သုံးသပ်ခြင်းနှင့် အန္တရာယ်ကိုရှောင်ရှားမှုနည်းလမ်းများ မှ မည်သည့် ရလဒ်များ/သင်ခန်းစာများရရှိပါသလား**

**ရက်စွဲ-**

**အသေးစားရံပုံငွေကြောင့် မရည်ရွယ်ထားသော ပြဿနာအခက်အခဲများ ပေါ်ပေါက်လာပါသလား။ အထက်ဖော်ပြပါ အန္တရာယ်ကို ရှောင်ရှားမှု နည်းလမ်းများသည်အောင်မြင်မှုရှိပါသလား။ မရှိပါက မည်သည့် သင်ခန်းစာများ ရရှိပါသလဲ။ နောက်တစ်ကြိမ်ပြုလုပ်မည်ဆိုပါက မည်သည့် အကြံဉာဏ်များ ပေးလိုအပ်သလဲ။**

**<u>အသေးစားရံပုံငွေဆိုတာဘာလဲ။ ဘာ့ကြောင့်သုံးကြတာလဲ။</u>**

- လူထုအခြေပြု အစုအဖွဲ့၏ စွမ်းဆောင်ရည်ပေါ် မူတည်ကာ မြန်မာကျပ်ငွေ တစ်သိန်းမှ ၃၀ သိန်း အကြားတွင်ထောက်ပံ့လေ့ရှိသည်။
- ဒေသခံအဖွဲ့ငယ်များ/အုပ်စုများ အတွက် ၎င်းတို့ ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်များကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်အတွက် လုံလောက်သော ငွေပမာဏဖြစ်သည်။ (ကန့်သတ်မှုမရှိသော၊ ရည်ရွယ်ချက်တစ်ခုထက်ပို၍ သုံးစွဲနိုင်သော ရံပုံငွေများ)
- သို့သော်ငြားလည်း ထိခိုက်မှုဖြစ်ပေါ်စေနိုင်သော အန္တရာယ်ကို လျော့ချရန်နှင့် ဗဟိုဦးစီးစနစ် ကို ရှောင်ကျဉ်နိုင်ရန်အတွက်မူ နည်းပါးသော ငွေပမာဏဖြစ်ပါသည်။
- ရံပုံငွေဖြစ်ပါသည်။ အသေးစားချေးငွေမဟုတ်ပါ။
- ဒေသခံများ၏ ကိုယ်ပိုင်စိတ်ဓါတ်နှင့် ဂုဏ်သိက္ခာအတွက် လုပ်ပိုင်ခွင့်နှင့် ယုံကြည်မှုကို လွှဲပြောင်း ပေးထားပါသည်။
- ရည်ရွယ်ချက်အမျိုးမျိုးအတွက် အလုံးစုံသော လုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။ ခေါင်းစဉ်မဲ့ရံပုံငွေချထားပေးသည်။
- NNGOများအနေဖြင့် ဒေသခံများ၏ ကိုယ်ပိုင်စီမံကိန်းလုပ်ငန်းအမျိုးမျိုးကို ထောက်ပံ့ပေးပြီး လေ့လာကာ မည်သည့်လုပ်ငန်းသည် အအောင်မြင်ဆုံးဖြစ် သည်ကိုလည်း ချိန်ညှိနိုင်သည်။ (အသင့်ပြင်၊ ပစ်၊ ချိန်)
- ရပ်ရွာအတွင်းမှ အဖွဲ့ငယ်များ/အုပ်စုများအနေဖြင့် အလုပ်ငန်းခွင်အတွေ့အကြုံမှ သင်ယူနိုင် သည့် အခွင့်အလမ်းကို ဖန်တီးပေးသည်။

## အသေးစားရုံပုံငွေလျှောက်လွှာပုံစံများ

အစိုးရောင်က NNGO အတွက်/ ရွှေရောင်ကရပ်ရွာအဖွဲ့ငယ်များ-အုပ်စုများအတွက်

၁။ လျှောက်ထားသူ၏ အသေးစိတ်အချက်အလက် လျှောက်လွှာ

၂။ ရပ်ရွာမှအဖွဲ့ငယ်များ/အုပ်စုများက လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း များအတွက် အသုံးပြုရမည့် စီမံကိန်းအဆိုပြုလွှာပုံစံ

၃။ အသေးစားရုံပုံငွေလျှောက်လွှာများကို စီစစ်ရမည့် အချက်များ

၄။ အဆိုပြုလွှာကို စီစစ်သည့်အဖွဲ့များမှ အဆိုပြုလွှာများကို စီစစ်ရာတွင် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ရာတွင် အသုံးပြုရမည့် ပုံစံ

၅။ ချုပ်ဆိုရမည့် စာချုပ်ပုံစံ

၆။ ရပ်ရွာလူထုများမှ ပစ္စည်းများဝယ်ယူရာတွင် အသုံးပြုရမည့် လမ်းညွှန်ချက်

၇။ ရံပုံငွေရရှိသူများမှ လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာကို ရေးသားရမည့် လမ်းညွှန်ချက်

၈။ ရံပုံငွေရရှိသူများမှ အပြီးသတ် ငွေစာရင်းရှင်းလင်းခြင်းအစီရင်ခံစာကို ရေးသားရမည့် လမ်းညွှန်ချက်

## Experiential Learning Format (Learning from experience)

*အတွေ့အကြုံမှ သင်ယူခြင်းကို* facilitate *လုပ်ခြင်း*

- ✓ *အတွေ့အကြုံမှသင်ယူခြင်းကို* facilitate *မလုပ်မီတွင်* CF *အနေဖြင့်* ACG *များ၊ ရပ်ရွာလူထုများကပေးပို့သည့် လုပ်ငန်းပြီးဆုံးကြောင်း အစီရင်ခံစာ နှင့် ငွေစာရင်းအစီရင်ခံစာများ အခြားအထောက်အထားများကို အသေအချာ ဖတ်ရှုထားရန်လိုပါသည်။*
- ✓ *အစီရင်ခံစာလက်ခံရရှိလျှင်ရရှိခြင်း* ACG *သို့မဟုတ်* CV (*စေတနာ့ဝန်ထမ်း*) *ကို ရပ်ရွာလူထုများအား အစီရင်ခံ တင်ပြလုပ်ဆောင်ခြင်း ပြီးစီးမှုရှိ/မရှိကို မေးမြန်းကာ မလုပ်ဆောင်ရသေးလျှင် အမြန်ဆုံး အသိတင်ပြရန် အကြံပြုပေးရမည်။*
- ✓ facilitate *လုပ်ဆောင်စဉ်တွင်လည်း ထိုအစီရင်ခံစာများ အထောက်အထားမိတ္တူများကို ကိုးကားကာ ဆွေးနွေးရပါမည်။ တစ်ခါတစ်ရံတွင် အစီရင်ခံစာရရှိသည့်အခိုက်မှာပင် အတွေ့အကြုံမှသင်ယူခြင်းကို* facilitate *လုပ်ပေးရသလို တစ်ခါတစ်ရံ တစ်ပါတ်၊ နှစ်ပါတ်ခန့်ကြာမှ* facilitate *လုပ်ရခြင်းမျိုးလည်းရှိသည်။*
- ✓ *ဆွေးနွေးပွဲစတင်လျှင် သူတို့၏ အသေးစားစီမံကိန်းကို မည်သို့မည်ပုံ စတင်သည် အကောင်အထည်ဖော်သည် ရပ်ရွာလူထုအား အစီရင်ခံတင်ပြသည်ကို ခြုံငုံဆွေးနွေးပေးရန် အကြံပြုပါ။*
- ✓ *ရပ်ရွာလူထု၏ ပြောကြားချက်များကို အသေးစိတ်နားထောင်ကာ ထူးခြားသည့် အောင်မြင်မှု၊ အခက်အခဲ၊ စိန်ခေါ်မှု၊ သူတို့ရရှိသည့် သင်ခန်းစာများ ပေါ်ထွက်လာလျှင် မှတ်သားထားကာ အသေးစိတ် ပြန်လည်ဆွေးနွေးဖော်ထုတ်ကာ အသေးစိတ်မှတ်တမ်းတင်ထားရမည်။* Case study *များလည်းထွက်ပေါ်လာနိုင်သည်။*
- ✓ *ရပ်ရွာလူထုအား အစီရင်ခံစာရေးသားမှုကို ချီးမွမ်းကာ စိတ်ဝင်စားဘွယ်ရာ သိရှိလိုသည်များကို မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံရပါမည်။ အတွေ့အကြုံမှ သင်ယူခြင်းကို* facilitate *လုပ်ရာတွင်အောက်ဖော်ပြပါ မေးခွန်း ၈ ခုကို အသုံးပြုဖော်ထုတ်နိုင်သည်။ ထိုမေးခွန်း ၈ ခုသာမက လိုအပ်ကောင်းမွန်သည့်မေးခွန်းများကိုလည်းပေးပါ။*
- ✓ *ခြုံငုံသုံးသပ်ဆွေးနွေးစဉ် အသေအချာမဆွေးနွေးရသော အချက်များကို အဆိုပါ မေးခွန်းများ မေးမြန်းစဉ်တွင် ပြန်လည်မေးမြန်းနိုင်ပါသည်။ ရရှိသည့်အချက်အလက်များကိုလည်း အခြားသူများနှင့် တိုက်ဆိုင် အတည်ပြု နိုင်ပါသည်။* (*ခြုံငုံသုံးသပ်ဆွေးနွေးခြင်းသည် ၄၅-၆၀ မိနစ်ခန့်ကြာနိုင်သည်။*)
- ✓ *အတွေ့အကြုံမှ သင်ယူခြင်းကို အကူအညီပေးစဉ်အတွင်း အချက်အလက်များကို ရေးသားမှတ်တမ်းတင်ရန် အမြဲသတိယပါ။*
- ✓ *ရရှိသော ထူးခြားသည့် သင်ခန်းစာများကို တစ်ချက်ခြင်း စာကြောင်းတိုများဖြင့်ရေးသားမှတ်တမ်းတင်ကာ အချုပ်မှတ်တမ်းကို ရရွာလူထု သို့မဟုတ်* ACG *များအား ပြန်ပေးခဲ့ရပါမည်။*
- ✓ *လုံခြုံရေးအခြေအနေကောင်းမွန်လျှင် ရပ်သူရွာသားများသည် အသေးစားစီမံကိန်းနှင့်ပါတ်သက်သည့် စာရွက်စာ တမ်း အားလုံးကို ဖိုင်တစ်ခုဖြင့် ထိန်းသိမ်းတတ်သည့်အလေ့အကျင့် တည်ဆောက်ရန် အသိပေးမည်၊ သတိပေး ရပါမည်။*

CF *လူထုဖွံ့ဖြိုးရေးလုပ်သားများက ရပ်ရွာလူထုနှင့်* ACG *များကို မေးမြန်းသင့်သည့်မေးခွန်းများ*

*၁။ မည်သည့် ထူးခြားသည့်အောင်မြင်မှုများ အပေါင်းလက္ခဏာဆောင်ပြောင်းလဲမှုများကို ပြောပြပါသလဲ။ အဲဒီ ထူးခြားသည့် အောင်မြင်မှုဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုများ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုများ၊ အချင်းချင်း ဆက်သွယ်ပူးပေါင်းလုပ်ဆောင်မှုများ၊ သင်ယူရရှိသည့် အသိပညာ အတတ်ပညာများ၊ ရင့်ကျက်တိုးတက်လာသည့် အတွေးအခေါ်များ၊ လူသားဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်မှုများ နှင့်အခြား ထူးခြားသည့်အောင်မြင်မှုများ လည်း ရှိနိုင်ပေသည်။*

*၂။ ယခုရရှိသည့်ရလာဒ်များသည့် မည်သည့်အချိန်အထိ တည်ရှိနိုင်ပါသလဲ။ ဘယ်လောက်ကြာကြာခံမှာလဲ။*

*၃။ အကြမ်းဖျင်း မိသားစုဘယ်လောက်၊ လူဦးရေဘယ်လောက်၊ က အဲဒီ အကျိုးကျေးဇူးကို ခံစားရပါသလဲ။ ဘယ်ဒေသကလဲ။ ဘယ်သူတွေလဲ။ ရပ်ရွာလူထုရဲ့ ခံနိုင်ရည်အားနည်းပါးပြီး ဆင်းရဲတဲ့ မိသားစုများ၊ အုပ်စုများ၊ အမျိုးသမီးများ၊ လူငယ်များ၊ လည်းပါဝင်နိုင်ပါသည်။*

*၄။ အသေးစားစီမံကိန်း အကောင်အထည်ဖော်သည့် ရပ်ရွာလူထုအနေဖြင့် အခြား အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ထံမှ ရရှိသည့် အကူအညီ၏ အကျိုးသက်ရောက်မှုနှင့် ကိုယ်ပိုင် အသေးစားစီမံကိန်း၏အကျိုးသက်ရောက်မှုများရဲ့ ခြားနားမှုကို ဘယ်လို နှိုင်းယှဉ်သုံးသပ်ပါသလဲ။ ကိုယ်ပိုင် အသေးစားစီမံကိန်း၏အကျိုးသက်ရောက်မှု သည် အခြား အကျိုးသက်ရောက်မှုများနှင့် ယှဉ်လျှင် ထိရောက်မှုနည်းပါးနေသလား။ အတူတူဘဲလား။ ပိုပြီး အကျိုးရှိပါသလား။ ဘာ့ကြောင့်အဲဒီလို ယူဆတာပါလဲ။* (*နည်းရင်ဘာ့ကြောင့်နည်း။ တူရင်ဘာ့ကြောင့်တူ။ ပိုရင်ဘာ့ကြောင့်ပို*)

*၅။ ကိုယ်ပိုင် အသေးစားစီမံကိန်း၏အကျိုးသက်ရောက်မှု ကြောင့် မမျှော်လင့်ထားသော အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများ ရှိပါသလား။ ဘယ်လိုပေါ်ပေါက်လာတာလဲ။ ရှိတယ်ဆိုရင် ဘာပြဿနာလဲ။ ဘယ်လောက်ပြင်းထန် ပါသလဲ။ အဲဒီပြဿနာက ဘယ်နည်းဘယ်ပုံ ပေါ်ပေါက်လာတာလဲ အလားတူ ပြဿနာမျိုး နောင်မကြုံတွေ့ရလေ အောင် ရှောင်ရှားနိုင်အောင် ဘယ်လို ကြိုတင်စီမံလုပ်ဆောင်မှုမျိုး ကို လုပ်ဆောင်သင့်သလဲ။*

*၆။ ကိုယ်ပိုင်အသေးစားစီမံကိန်း စီမံချက်ရေးဆွဲကာ အကောင်အထည်ဖော်လုပ်ဆောင်ရာမှ ရရှိသောသင်ခန်းစာ တွေကိုပြောပြပေးပါရန်၊ အဲဒီသင်ခန်းစာတွေ အနက်က ဘယ်သင်ခန်းစာက အရေးအကြီးဆုံးပါလဲ။ နောက်နောင် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများရှိလာလျှင် စီမံချက်များ၊ လုပ်ငန်း စုပေါင်းအကောင်အထည်ဖော်သည့် လုပ်ငန်းစဉ် များ ပိုမိုကောင်းမွန်အောင် မည်သို့မည်ပုံ ပြင်ဆင်လုပ်ဆောင်သွားပါမည်လဲ။*

*၇။ ကိုယ်ပိုင် အသေးစားစီမံကိန်း ကိုလုပ်ဆောင်သည့်အတွေ့အကြုံအရ ရပ်ရွာလူထု အနေဖြင့် မည်သည့် ကျွမ်းကျင်မှု ဆိုင်ရာ အသိပညာ၊ အတတ်ပညာ သင်တန်းများကို တက်ရောက်သင့်သည်ဟု သိမြင်လာပါသလဲ။*

*၈။ ရပ်ရွာလူထုအနေဖြင့် အဲန်ဂျီအိုများ၏ လုပ်ဆောင်မှုစနစ်များသည် လူထုအတွက် ပိုမိုအကျိုးပြုနိုင်အောင် မည်သို့သော အကြံဉာဏ်များ ပေးလိုပါသလဲ။*

# Connecting and networking (addressing root causes)

## ချိတ်ဆက်လုပ်ဆောင်ခြင်းနှင့် ပေါင်းစုမိတ်ဖွဲ့ခြင်း (ပြဿနာ၏ အကြောင်းရင်းကိုရင်ဆိုင်ဖြေရှင်းခြင်း)

### ရပ်ရွာလူထုအချင်းချင်းချိတ်ဆက်လုပ်ဆောင်ခြင်း

- မျှော်မှန်းချက်ချခြင်းနှင့် ဖန်တီးပုံဖော်ခြင်း အဆင့်တို့တွင် ရပ်ရွာလူထုအဖွဲ့များမှ ရရှိထားသော သင်ခန်းစာများနှင့် အတွေ့အကြုံများကို ၎င်းတို့အချင်းချင်းမျှဝေခြင်း

- ကိုယ်ထူကိုယ်ထလုပ်ငန်းများ လုပ်ဆောင်နေသော ရပ်ရွာလူထုများမှ အခြား ကိုယ်ထူကိုယ်ထလုပ်ငန်းများ လုပ်ဆောင်နေသော ရပ်ရွာလူထုများထံသို့ သွားရောက်၍ အပြန်အလှန် လေ့လာသင်ယူကြခြင်း

- ရပ်ရွာလူထုအဖွဲ့များအားလုံးမှ စိတ်ပါဝင်စားမှုရှိသော လုပ်ငန်းများအတွက် ကွန်ယက်ဖွဲ့စည်းမှုများ လုပ်ဆောင်ခြင်း (သေးစားရုံပုံငွေ ဒုတိယအရစ်နှင့် တတိယအရစ်များအတွက်)

- **ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ** - ကိုယ်ထူကိုယ်ထလုပ်ငန်း လုပ်ဆောင် နေကြသော ရပ်ရွာလူထုအဖွဲ့များအကြား အရင်းအမြစ်များကို ပေါင်းစု၍ စုပေါင်းလုပ်ငန်းများ နှင့် ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်း (ပြောင်းလဲမှု)

### လူမှုဖွံ့ဖြိုးရေးအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ အစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

- ရပ်ရွာလူထုအဖွဲ့များအား အစိုးရဌာနများ/အခြားလူမှုရေးအဖွဲ့အစည်းများ/ သုတေသနအဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း
- ရပ်ရွာလူထုအဖွဲ့များအား ဘဏ်များနှင့် အခြားဝန်ဆောင်မှုပေးသော အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း
- ရပ်ရွာလူထုအဖွဲ့များအား စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ပေးခြင်း
- ရပ်ရွာလူထုအဖွဲ့များအား မီဒီယာများ၊ စာနယ်ဇင်းများနှင့် ချိတ်ဆက်ပေးခြင်း
- ရပ်ရွာလူထုအဖွဲ့များအား အဝေးရောက်ဒေသခံများ/အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း

### Coordination and inter-agency collaboration

### လူမှုဖွံ့ဖြိုးရေးအဖွဲ့များအကြား လက်တွဲလုပ်ဆောင်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

- ရှေးရိုးစွဲ လူမှုဖွံ့ဖြိုးရေးအဖွဲ့များ၏ သတ်မှတ်ထားသည့် ကဏ္ဍကိုသာလုပ်ဆောင်ပြီး သင်ယူသင်ကြားမှုမရှိခြင်း
- တူညီသောဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆာင်ဆောင်နေသော လုပ်ငန်းအစီအစဉ်များကို မျှဝေပေးခြင်း
- အခြားလူမှုရေးလုပ်ငန်းလုပ်ဆောင်နေသောအဖွဲ့များ၊ အစိုးရဌာနများနှင့် ကျယ်ကျယ် ပြန့်ပြန့် လက်တွဲလုပ်ဆောင်ကာ အခွင့်အလန်းများကိုတက်တက်ကြွကြွ ဖန်တီး တည် ဆောက်ခြင်း
- အမှားအယွင်းများအပါအဝင် ရရှိထားသော သင်ခန်းစာများကို အခြားအဖွဲ့အစည်းများ နှင့်မျှဝေခြင်း
- လက်ရှိ ညှိနှိုင်းဆောင်ရွက်မှုယန္တယားများကို အသုံးပြုခြင်းနှင့် လိုအပ်ချက်များကို ရင်ဆိုင်ကျော်လွှားခြင်း။

Revisiting the 1st D for multi-cycle grants

**တစ်ကြိမ်ထက်ပိုသော အသေးစားရံပုံငွေများအတွက် သတ်မှတ်ခြင်းအဆင့်ကို ပြန်လည်စဉ်းစားခြင်း**

ကြီးမားလှသော အကြပ်အတည်း (သို့မဟုတ်) သဘာဝဘေး ရုတ်တရက်ကျရောက်နေသောအဖွဲ့တစ်ခုအနေဖြင့် အသေးစားရံပုံငွေများကို "ပထမ-D" သတ်မှတ်ခြင်းအဆင့်နှင့် ကိုက်ညီမှုရှိပါက အကြိမ်ကြိမ် ရရှိနိုင်ပါသည်။ ထို့အပြင်ရင်ဆိုင်နေရသည့်အကြပ်အတည်းသည် တာရှည်ဖြစ်ပေါ်နေကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းကိုပါ ထိခိုက်စေကာ ဘေးဒဏ်သင့်ပြည်သူများ၏ အခက်အခဲများ၊ ခံနိုင်ရည်အားနည်းပါးလာမှုများကို ကြာရှည်စေနေပါက လက်တွဲလုပ်ဆောင်ထိုက်သည့် အဖွဲ့သတ်မှတ်ခြင်း၊ လူထုလုပ်ဆောင်လိုသည့် လုပ်ငန်းသတ်မှတ်ခြင်း အသေးစားစီမံကိန်းများ လျှောက်ထားခြင်းကို ခွင့်ပြုပေးခြင်းအတွက် သတ်မှတ်ထားသောအဆင့်ကို ထိန်းညှိပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပေသည်။

1. Possible adjusted criteria for 2nd or 3rd cycle (when out of acute phase)

**ဒုတိယနှင့် တတိယ အကြိမ်ပေးရန်ဆုံးဖြတ်ရာတွင်အသုံးပြုသည့် စံချိန်စံညွှန်းများ**

**ဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ စံချိန်စံညွှန်းများ**

၁။ ကျရောက်နေသည့် အကြပ်အတည်း၏ ပြင်းထန်မှု

၂။ ဘေးဒဏ်ခံရပ်ရွာလူထုကြုံတွေ့ရသည့် အကြပ်အတည်း၏ အတိုင်းအတာ

၃။ ဘေးဒဏ်ကျရောက်သည့်ဒေသတွင် အကူအညီပေးနေသည့် အဖွဲ့အစည်းတည်ရှိမှု

၄။ အခြားဘေးဒဏ်သင့်ဒေသများနှင့် နှိုင်းယှဉ်ပါက အခြေအနေပိုမိုဆိုးရွားခြင်း

၅။ အကူအညီပေးနေဆဲမှာပင် ထပ်ဆင့် ဘေးဒဏ်သင့်ခြင်း

၆။ ဆက်လက်လုပ်ဆောင်နိုင်မည့် လုံခြုံမှုအခြေအနေကောင်းခြင်း

**ပထမအကြိမ် အသေးစားစီမံကိန်း လုပ်ဆောင်မှုအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်း**

၁။ ရပ်ရွာလူထုအားလုံး အများသိအမြင်ရှင်း၍ ကျေနပ်မှုရှိခြင်း

၂။ ရပ်ရွာလူထုအတွင်းတွင်၎င်း ရပ်ရွာလူထုနှင့် ACG အကြားတွင်၎င်း၊  ရပ်ရွာလူထု၊ ACG နှင့် NNGO အကြားတွင်၎င်း ယုံကြည်မှုပိုလာသည်၊ စည်းလုံးညီညွတ်မှုပိုလာသည်။

၃။ ကြုံတွေ့ရသည့် အန္တရာယ်များကို ဖြေရှင်းနိုင်သကဲ့သို့ အချို့သော ကျရောက်နိုင်သည့်အန္တရာယ်များကိုလည်း ရှောင်ရှားနိုင်သည်။

၄။ ဒေသတွင်းရှိ အခြားအဖွဲ့အစည်းများ၊ ရွာနီးချင်းများ၊ ပုဂ္ဂလိကအဖွဲ့များ၊ ရပ်ရွာလူထုများ အားလုံးပေါင်းစည်း လုပ်ဆောင်မှုများ တိုးမြင့်လာခြင်း။

၅။ ရရှိသည့် အကူအညီကို ထိရောက်မှန်ကန်စွာအသုံးပြုခြင်း၊ အနည်းဆုံးလိုအပ်သည့် စာရွက်စာတမ်းများကို စနစ်ကျစွာ ပြင်ဆင်နိုင်ခြင်း၊ ပေးပို့နိုင်ခြင်း။

2. Possible adjusted criteria for 4th or final cycle (exit strategy)

**စတုတ္ထ အကြိမ်နှင့်အထက် - အရင်းအမြစ်ရရှိနိုင်မှုအခြေအနေနှင့် ရပ်ရွာလူထု၏လိုအပ်ချက်ကိုမူတည်ကာ အကူအညီပေးမည်။**

"When things go wrong" and experiential learning: an aide memoire

**"ဆုံးရှုံးမှု/မှားယွင်းမှု ကြုံရခြင်း" နှင့် အတွေ့အကြုံမှ သင်ယူခြင်း**

မှတ်ယူထားရမည့် လမ်းညွှန်ဥပဒေသ

၁။ လုပ်ငန်းအားလုံးဟာ ဆုံးရှုံးမှု/မှားယွင်းမှု ကြုံရနိုင်ပါတယ် - အဲဒီ "ဆုံးရှုံးမှု/မှားယွင်းမှု" ဆိုတာဟာ လုပ်ငန်းလုပ်သူတိုင်း မျှော်တွေးထားရမဲ့ အချက်လဲဖြစ်ပါတယ်၊ ကြုံလာရတဲ့အခါမှာလဲ သိပ်ပြီး ထိန့်လန့်ကြောက်ရွံ့မသွားကြပါနဲ့."

၂။ အမှန်တော့ ကျွန်တော်/ကျမတို့အားလုံးဟာ အများအားဖြင့် ဆုံးရှုံးမှု များကနေ သင်ယူကြရတာ များပါတယ်- ဒေသခံ လူမှုဖွံ့ဖြိုးရေးအဖွဲ့များအနေဖြင့် (NNGOs) ဆုံးရှုံးမှုများ၊ ပြဿနာများသည် ရပ်ရွာလူထုများအတွက် အကောင်းဆုံး သင်ယူရမည့် ထူးခြားသော အခွင့်အရေးတစ်ရပ်အဖြစ် အသိအမှတ်ပြုပြီး ရပ်ရွာလူထုက ဆုံးရှုံးမှု/မှားယွင်းမှု များကနေသင်ယူကာ နောင်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အတွက် သူတို့ရဲကိုယ်ပိုင် လူ့စွမ်းရည်မြှင့်တင်တည်ဆောက်မှု အောင်မြင်စေရန် ရပ်ရွာလူထုများကို အကူအညီပေးရာ အလွန်ထိရောက်ကောင်းမွန်သော ချဉ်းကပ်နည်းလမ်းဖြစ်ပါသည်။

၃။ အကယ်၍ အကူအညီပေးလိုက်သော အသေးစားရံပုံငွေတစ်ရပ်သည် အလဟဿဖြစ်ခဲ့လျှင်ငင်း/ တစ်စုံတစ်ယောက်က ဘုံးလိုက်လျှင်ငင်း/တလွဲအသုံးပြုခဲ့လျှင်ငင်း - ထိုအခိုက်အတန့်တွင် NNGO များအနေဖြင့် တွေးဆရန်မှာ အဲဒီရံပုံငွေ သည် သင့်အဖွဲ့၏ရန်ပုံငွေမဟုတ်ပါ၊ အလှူရှင်၏ ပိုက်ဆံဖြစ်သည်၊ တနည်းအားဖြင့် အလှူရံပုံငွေကို လက်ခံရရှိသည့် ရပ်ရွာလူထု၏ ပိုက်ဆံသာဖြစ်သည်ပြီး ရပ်ရွာအတွက် အကျိုးအမြတ် ဖြစ်နိုင်ချေရှိသည့် ငွေကြေးအရင်း အမြစ်တစ်ရပ် ပြုန်းတီးသွားခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် အလှူရှင်များက အလှူရံပုံငွေကို ပေးလှူပြီး၍။ ရပ်ရွာအခြေပြုအဖွဲ့က လက်ခံလိုက်သည့် အခိုက်မှာပင် ထိုငွေကြေးများသည် ရပ်ရွာအခြေပြုအဖွဲ့နှင့်ဆိုင်သည့် ပိုက်ဆံများ ဖြစ်သွားပြီးဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် လူထုကရွေးချယ်တင်မြှောက်ထားသော လူထုအခြေပြုအဖွဲ့သည် ကျေးရွာလူထုများအား တာဝန်ခံတာဝန်ယူမှုဖြင့် ဝန်ဆောင်မှုပေးရန် တာဝန်ခံထားသောကြောင့်ဖြစ်ပါသည်။ ထိုအခြေအနေတွင် NNGO များအနေဖြင့် ထိုပြဿနာကို ပြန်လည်ပြင်ဆင်တည့်မတ်ပေးရန် မလုပ်ဆောင်ရပါ။ ထိုပြဿနာအတွက် ဖြေရှင်းနည်းလမ်း ရှာဖွေခြင်းသည် လူထုနှင့်သာသက်ဆိုင်ပါသည်။ NNGOများရဲ့တာဝန်ဟာ ဆွေးနွေးဆုံးဖြတ်ခြင်းများချမှတ်နိုင်အောင် လမ်းမှန်ရောက်အောင် ပို့ဆောင်ကူညီခြင်းဖြစ်ပါတယ်။ တောင်းခံလာခဲ့လျှင် အကြံအချို့ ပေးနိုင်ပါသည်။
အတွေ့အကြုံမှသင်ယူခြင်းနည်းလမ်းကိုလည်း အရှေ့မှာဆွေးနွေးသင်ယူကြပြီးဖြစ်ပါတယ်။ ယခုလို အခြေအနေမျိုးမှာ သင့်အဓိကတာဝန်များဟာ အဓိကကျသောမေးခွန်းများကို မေးမြန်းပေးဘို့ဖြစ်ပါတယ်။
အဲဒီအချိန်အခါမျိုးမှာ ရပ်ရွာလူထုအနေနှင့်လည်း NNGO ဝန်ထမ်းကို ယခုကြုံရတဲ့ပြဿနာနဲ့ပါတ်သက်ပြီး အလေးအနက်ထားတယ်ဆိုတာကိုအသိအမှတ်ပြုမှာပါ၊ သို့သော်လည်း အဲဒီလိုအလေးအနက်ထား အကူအညီပေးနေ တာဟာ ရပ်ရွာလူထုတစ်တွေ သူတို့အထူးတလည် မျှော်လင့်ထားသော အလှူရံပုံငွေများ ဆုံးရှုံးပြီး သူတို့ရဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းတစ်ရပ် ဆုံးရှုံးသွားမှာကို စိုးရိမ်လို့ဖြစ်တယ် ဆိုတာကို သူတို့ကို သိစေသင့်ပါသည်။

၄။ ပြဿနာရဲ့သဘာဝနဲ့ နက်ရှိုင်းမှုဟာ ပြန်လည်တုန့်ပြန်ဆောင်ရွက်သင့်သော အတိုင်းအဆကို ဖော်ညွှန်းပါတယ်။ ထို့ကြောင့်လည်းပြဿနာများကိုပြန်လည်ကုစားမည့် ဆီလျော်သည့်အတွေ့အကြုံ မှသင်ယူခြင်းနှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း နည်းလမ်းကို အသုံးပြုရာမှာ ပြဿနာအတိမ်အနက် ကိုကြည့်ကာ အကူအညီပေးရမှာ ဖြစ်ပါတယ်။ စီမံကိန်းဒီဇိုင်းအားနည်းလို့၊ အကောင်အထည်ဖော်တာ မှားယွင်းလို့၊ အသုံးစရိတ်ပြုန်းတီးမှုရှိလို့ စသည့် ပြဿနာ အသေးအမွှားများနဲ့စပ်ဆိုင်လျှင် စီမံကိန်း စီမံခန့်ခွဲမှုကော်မီတီအဖွဲ့ဝင်များ၊ စီမံကိန်းအကောင်အထည်ဖော်မှု နှင့် တိုက်ရိုက်ဆက်နွယ်နေသည့် ဦးတည်အုပ်စုဝင်များနှင့်သာ တွေ့ဆုံပြီး

လုပ်ဆောင်တာ ဆီလျော်မှုရှိပါမယ်။ သို့သော်လည်း ငွေကြေး သို့မဟုတ် အရင်းအမြစ်များကို အကြီးအကျယ်သုံးတာမျိုး၊ အကျပ်ကိုင်တာမျိုး၊ စာရင်းလိမ်ညာတာမျိုး လုပ်ဆောင်ပြီး မတရားရယူထားတာသောကိစ္စမျိုးဆိုလျှင်တော့ ရှာလုံးကျွတ်အစည်းအဝေး ခေါ်ပြီး အများသိအမြင်ရှင်း လုပ်ဆောင်ရပါမည်။

၅။ ယေဘုယျအားဖြင့် ရပ်ရွာလူထုအနေဖြင့် ဆုံးရှုံးမှု များကြုံတွေ့လာပါက ၎င်းတို့သည် အပြစ်ပေးခြင်း ခံရမယ်လို့ထင်မြင်ခဲ့လျှင် ဆုံးရှုံးမှု/မှားယွင်းမှုများ၊ ပြဿနာများကို ကိုထိန်ချန်ထားပြီး အောင်မြင်တာ တွေကိုဘဲ NNGO တွေကို အသိပေးတော့မှာဖြစ်ပါတယ်။ ဆုံးရှုံးမှု တွေဟာ ထိန်ချန်ထားရမဲ့ အပိုင်းတွေဖြစ်လာပြီး ရေရှည်မှာ အလီလီအလာလာ ဖြစ်ပေါ်ကာ အဆိုးရွားဆုံးအခြေအနေတွေ ဖြစ်ပေါ်လာမှာ မလွဲဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဆုံးရှုံးမှု များ ပြဿနာများကို ထိန်ချန်ထားဖို့ရာ လူထုကို တွန်းအားပေးဘို့ မသင့်ပါဘူး။ ပထမ အကြိမ်အသေးစားရံပုံငွေကို ရပ်ရွာလူထုရဲ့ မရှိမဖြစ်လိုအပ်သော သင်ယူမှုဆိုင်ရာ အခွင့်အရေးတစ်ရပ် အဖြစ်သတ်မှတ်ရပါမည်။ အကယ်၍ ရပ်ရွာအခြေပြုအဖွဲ့ အစည်းအနေနဲ့ ဆုံးရှုံးမှု/မှားယွင်းမှု ဖြစ်စဉ်မှာ သာမန် လုပ်ငန်းလုပ်ဆောင်မှု အမှားတစ်ရပ်ဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်သော လာဒ်ပေးလာဒ်ယူမှု၊ အကျင့်ပျက်ခြစားမှု၊ ကိုယ်ကျိုးရှာမှုကိစ္စရပ်များ မရှိခဲ့တာ သေချာလျှင်ထိုအဖွဲ့ကို ဒုတိယအကြိမ် အသေးစားရံပုံငွေ လျှောက်ထားရန် ခွင့်ပြုသင့်ပါတယ်။ အဖွဲ့ကိုလည်းပဲ ဆုံးရှုံးမှု/မှားယွင်းမှု တွေကို ပြင်ဆင်တည့်မတ်ပြီး အလားတူ ထပ်တူကျအမှားမျိုး မဖြစ်ရလေအောင် ကြိုးစားနေသ၍ အပြစ်ပေးအရေးယူခြင်းမျိုးမလုပ်ထိုက်ပါဘူး။

၆။ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ငွေကိုတလွဲအသုံးချမိတဲ့ လုပ်ငန်းချွတ်ချော်မှားယွင်းမှုအဖြစ်အပျက်မျိုးကို ရပ်ရွာအခြေပြု အဖွဲ့ကတုန့်ပြန်ဆောင်ရွက်မှုဖြစ်စဉ်ကနေ အဖွဲ့အနေနှင့်ရော၊ရပ်ရွာလူထုရော သင်ယူမှု အပြောက်အများ ရရှိနိုင်ပါတယ်။ ဆုံးရှုံးမှု/မှားယွင်းမှု ကြုံတွေ့ရသောအဖွဲ့အနေနဲ့ ကြုံတွေ့ရသော ပြဿနာကို အလေးအနက်ထားကာ ဆုံးရှုံးမှု/မှားယွင်းမှုကြုံတွေ့ရသောအဖွဲ့အနေဖြင့် ပြန်လည်ပြင်ဆင်ရန် အားကြိုးမာန်တက် ကြိုးစားခဲ့လျှင် အဲဒီ အဖွဲ့ဟာနောက်တကြိမ်အခွင့်အရေးမှာ ပိုကောင်းအောင် သတိကြီးစွာထားပြီး ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ထိုက်သော အဖွဲ့ဖြစ်ပါတယ်။ သို့သော်လည်း ဆုံးရှုံးမှု/မှားယွင်းမှု ကြုံတွေ့ခဲ့ရတဲ့အဖွဲ့တစ်ခုဟာ ပြန်လည်ပြင် ဆင်ရန်ကြိုးစားမယ့်အရိပ်အယောင် မရှိခဲ့ရင်တော့ ဒုတိယအကြိမ်ပေးမဲ့အကူအညီကို ဆိုင်းငံ့ထားဘို့ဖြစ်ပါတယ်။

၇။ ဆုံးရှုံးမှု/မှားယွင်းမှု များကိုလက်ခံခြင်း၊ ဘယ်လို ဆုံးရှုံးမှု/မှားယွင်းမှု မျိုးတွေဖြစ်ခဲ့တယ်ဆိုတာကို မျှဝေခြင်း နှင့် သင်ခန်းစာယူခြင်းအလေ့အထများကို ကောင်းမွန်သောကျင့်စဉ်အဖြစ် အသိအမှတ်ပြုကြပါတယ်။ အလှူရှင်များကို ဘယ်လိုဆုံးရှုံးမှု/မှားယွင်းမှု မျိုးတွေဖြစ်ခဲ့တယ်ဆိုတာကို မျှဝေခြင်းဖြင့် အများလေးစား အသိအမှတ်ပြုမှုကို ရရှိနေသည့်ကာလလဲဖြစ်ပါတယ်။ ပွင့်လင်းလွတ်လပ်စွာမှတ်တမ်းတင်ပြီး ဘယ်လို ဆုံးရှုံးမှု/မှားယွင်းမှု မျိုးတွေဖြစ်ခဲ့တယ်ဆိုတာနဲ့ ရရှိထားတဲ့မှန်ကန်သော လုပ်ဆောင်မှုများကိုပါ လုပ်ဆောင်နေကြသော အဖွဲ့အစည်းများအကြောင်း နမူနာအဖြစ် လေ့လာနိုင်မည့် လင့်များကိုမျှဝေ ပေးထားပါတယ်။

https://www.admittingfailure.org and http://www.whydev.org/why-ngos-need-to-admit-failure/

*HO#15*

ဇာတ်လမ်းများ Scenarios

၁။ **သင့်အဖွဲ့အစည်းသည်သင်ထောက်ကူပစ္စည်းများနှင့်ပျက်စီးနေသောကျောင်းအဆောက်အဦး ပြင်ဆင်ရန် ရပ်ရွာအခြေပြုအဖွဲ့ တစ်ခု အား အသေးစားရန်ပုံငွေ ၁၅ သိန်းပေးလိုက်ပါသည်။ စီမံကိန်းပြီးဆုံးကြောင်း အစီရင်ခံစာကိုသင်လက်ခံ ရရှိသောအခါ ဘီလပ်မြေဝယ်ယူသည့် ငွေရပြေစာမှာ မသင်္ကာဘွယ်ရာ တွေ့ရှိရသည်။ ကွင်းဆင်းလေ့သောအခါ ကျောင်းအဆောက်အဦး မှာ ကောင်းမွန်စွာ ပြင်ဆင်ထားသည့် အရိပ်လက္ခဏာမတွေ့ရပါ။ ဤအဖြစ်အပျက်ကို သင်စုံစမ်း စစ်ဆေးသောအခါ လူထုအခြေပြုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးသည် ငွေစာရင်းကို လိမ်လည်တင်ပြပြီး ရံပုံငွေ ကျပ် ၅၀၀,၀၀၀ (ငါးသိန်းကျပ်တိတိ) ရယူကာ သူ၏ ကလေးငယ်ကိုဆေးကုရန် သုံးစွဲထားသည်ကို တွေ့ရှိရပါသည်။ သင်တို့ဘာလုပ်ကြမလဲ?**

၂။ **သင်အဖွဲ့အစည်းက နေရပ်စွန့်ခွာ မိသားစုများစွာအတွက် ကြက်မွေးမြူရေး၊ ငါးမွေးမြူရေး၊ နှင့် ဥယျာဉ်သီးနှံစိုက်ပျိုးရန်ရပ်ရွာအခြေပြုအဖွဲ့တစ်ဖွဲ့အား ကျပ်ငွေ ၄,၅၀၀,၀၀၀ (လေးဆယ့်ငါးသိန်းကျပ်တိတိ) ပေးလိုက်ပါသည်။ ထိုသို့ပေးအပ်ပြီး တစ်ပါတ်ခန့်အကြာတွင် ထိုအဖွဲ့၏ စီမံခန့်ခွဲမှုကော်မီတီဝင်တစ်ဦးက ကျပ်ငွေဆယ့်ငါးသိန်းကို ယူကာထွက်ပြေးသွားကြောင့်၊ ကော်မီတီဝင်များအနက် မည်သူ တစ်ဦးတစ်ယောက်ကမျှ ထိုသို့ ယူသွားသည်ကို မသိကြောင်း၊ ထိုသူသည်ဘယ်မှာရှိသည်ကို မည်သူမျှ မသိကြောင်း သင်တို့အဖွဲ့ထံသတင်းပို့လာပါသည်။ သင်တို့ဘာလုပ်ကြမလဲ?**

၃။ **သင်တို့အဖွဲ့သည် စစ်ရှောင်စခန်းတစ်ခုရှိရပ်ရွာလူထုအား အသင်မွေးဝမ်းကျောင်းလုပ်ငန်း အသေးစားစီမံကိန်းအတွက် သိန်း ၃၀ အကူအညီပေးလိုက်သည်။ သို့သော် တစ်ပါတ်ခန့်အကြာတွင် ကော်မီတီဝင်တစ်ဦးက ထိုငွေများအနက်မှ ငွေ ၁၀ သိန်းကို ယူကာ တိတ်တဆိတထွက်ပြေးသွားကြောင်း သိရှိလာရသည်။ ထိုသူဘယ်ရောက်နေသည်ကိုလည်း ရပ်ရွာလူထုများက မသိရှိကြတော့ပေ။ သင်တို့ဘာလုပ်ကြမလဲ?**

၄။ **သင်တို့အဖွဲ့သည်** KKA အစီအစဉ်ကိုလုပ်ဆောင်လျက်ရှိစဉ် အကူအညီပေးသင့်သည့် ရပ်ရွာလူထုတစ်ရပ်ကို ရှာဖွေလျက်ရှိသည်။ တပြိုင်နက်တည်းမှာပင် သင်တို့အဖွဲ့တွင် KKA အစီအစဉ် အတွက် ရရှိထားသည့် ရံပုံငွေမှာလည်း အကန့်အသတ်ရှိနေကာ ကျေးရွာအနည်းငယ်နှင့် အသေးစားစီမံကိန်း အချို့တွက်သာ လုံလောက်မည်ဖြစ်သည်။ ဒေသတွင်းရှိကျေးရွာအမြောက်အများမှာလည်း အခက်အခဲကြုံတွေ့နေကြသည်ဖြစ်ရာ၊ ထိုအကူအညီကိုအားလုံးကစိတ်ဝင်စားနေကြသည်။ ထို့ကြောင့် သင်တို့အဖွဲ့သည် ထိုအသေးစားစီမံကိန်း ရံပုံငွေ ရရှိရေးအတွက် ကျေးရွာများ အချင်းချင်းအကြား တင်းမာလာကာ အချင်းများခြင်း၊ သင်တို့အဖွဲ့အပေါ်လည်း သက်ရောက်လာနိုင်ခြင်း များကို စိုးရိမ်နေကြရသည်။ **သင်တို့ဘာလုပ်ကြမလဲ**?

**Guidelines for helping communities learn from what goes wrong**

အတွေ့အကြုံများမှတဆင့်သင်ယူခြင်းကို ပံ့ပိုးကူညီပေးမှု ဆိုင်ရာ လမ်းညွှန်ချက် **( for use NNGO community facilitator)**

**၁။ အတွေ့အကြုံများမှတဆင့်သင်ယူခြင်းသည် တစ်ခါတစ်ရံ ပံ့ပိုးကူညီပေးမှု လိုအပ်သည်၊ ထိုသင်ယူခြင်းသည် အလိုအလျောက်ဖြစ်ပေါ်လေ့မရှိပေ။ သင်၏အဓိကအပိုင်းမှာ ဖြေရှင်းနည်းလမ်းပေးသင်ကြားမှု (တစ်ခါတစ်ရံ မရှင်းမလင်းဖြစ်လေ့ရှိသည်) မဟုတ်ဘဲ ၊ သင့်အနေဖြင့် ရပ်ရွာအခြေပြုအဖွဲ့များက ကြုံတွေ့ရသည့် အခြေအနေကို ခွဲခြမ်းစိတ်ဖြာကာ ကိုယ်ပိုင်ဖြေရှင်းနည်းလမ်းကို ၎င်းတို့ကိုယ်တိုင် ရှာဖွေလုပ်ဆောင်နိုင်အောင် ကူညီပံ့ပိုး ပေးရန်ဖြစ်သည်။**

**၂။ ရပ်ရွာအခြေပြုအဖွဲ့များ အနေဖြင့် ကူညီပံ့ပိုးပေးသည့်** Facilitator **ကို ယုံကြည်မှုရှိရန်လိုသည်။ ၎င်းတို့အနေဖြင့်** Facilitator **ကို အကောင်းအဆိုးအလုံးစုံကို ပူပန်ဂန်လေးမှု မရှိဘဲ ပွင့်ပွင့်လင်းလင်း ပြောပြရန် လိုအပ်ပါသည်။ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းစွာနားလည်မှုရှိအောင် သေချာစွာလုပ်ဆောင်ရမည်။ ရပ်ရွာအခြေပြုအဖွဲ့များ အနေဖြင့် လုပ်ငန်းလုပ်ဆောင်စဉ် ချွတ်ချော်မှားယွင်းမှု တစ်စုံတစ်ရာရှိခြင်းအတွက် အပြစ်ပေး အရေးယူခြင်း ခံရမည်မဟုတ်ပါ၊ ၎င်းတို့အဓိက သတိပြုရမည့်အချက်မှာ လုပ်ငန်းလုပ်ဆောင်စဉ်ကြုံတွေ့ရသည့် အမှားများမှ အတွေ့အကြုံယူကာ မသင်ကြား ဘဲ အမှားကို ဖုံးဖိထားမှုမျိုး မလုပ်ဆောင်ရန်ပင်ဖြစ်သည်။**

**၃။** Facilitator **များအနေဖြင့် ရပ်ရွာအခြေပြုအဖွဲ့များ၏ ယုံကြည်မှုကိုရရှိပြီး အကောင်းအဆိုးအားလုံးကို ရိုးသားပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးနိုင်သည့်အနေအထားရှိပြီဆိုလျှင်၊ အတွေ့အကြုံများမှတဆင့် သင်ယူခြင်းဖြစ်စဉ်ကို အကောင်းဆုံးသော အကူအညီဖြစ်စေသည့် အရိုးရှင်းဆုံးနည်းလမ်းမှာ** “What? (**ဘာတွေဖြစ်နေသလဲ**?) ၊ So what? (**အဲဒီတော့ဘာဖြစ် မလဲ**?)၊ Now what? (**အခုဘာဆက်လုပ်မှာလဲ**?) **မေးခွန်းများသုံးကာ** Action Plan (**လုပ်ငန်းအစီအစဉ်**)” **ရေးဆွဲသည့် နည်းလမ်းပင်ဖြစ်ပါသည်။**

What? **ဘာတွေဖြစ်နေသလဲ**? အဖြစ်မှန်ကိုဖော်ထုတ်ခြင်း။

**ပထမဦးစွာသက်ဆိုင်သည့်အဖွဲ့အစည်းကို အဖြစ်အပျက်နှင့်ပါတ်သက်သောအကြောင်းအရာများကို အတိအကျ ဖော်ထုတ် ကာ ခွဲခြမ်းစိတ်ဖြာဆွေးနွေးနိုင်အောင်အကူအညီပေးမည်။ ထင်မြင်ချက်များကိုရှာဖွေခြင်းထက်၊ အဖြစ်အပျက်နှင့် ပါတ်သက်သည့် အချက်အလက်များကို စေ့စပ်သေချာစွာရှာဖွေရမည်။ တစ်စုံတစ်ယောက်၏ ယုံကြည်မှုနှင့် ခံစားချက်များ၏ လွှမ်းမိုးမှုမပါသည့် မှန်ကန်သည့်အချက်အလက်များကို အခြေပြုကာ အတတ်နိုင်ဆုံး သုံးသပ်နိုင်ရန် အားလုံးကို မေတ္တာရပ်ခံရပါမည်။ တဖက်တွင်လည်း ပါဝင်ဆက်နွယ်နေသူအသီးသီးတွင် အဖြစ်အပျက်ကို မတူညီသောရှုဒေါင့်မှ သိရှိ နားလည်ထားမည်ကိုလည်း အသိအမှတ်ပြုရန်လိုအပ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ယင်းအဖြစ်အပျက်မျိုးကို လူတစ်ဦးတည်းက အလုံးစုံ တိတိကျကျသိမြင်နိုင်ရန် ခက်ခဲသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ဆက်နွယ်သူ အားလုံးပါဝင်ပြီး တွေကြုံရသမျှအဂ ကို စုပေါင်းသုံးသပ်ကာ ပြည့်စုံသည့် တကဲ့အဖြစ်မှန်ကို ပုံဖော်ပြုစုနိုင်မည်ဖြစ်သည်။ အဖြစ်မှန်ကို ဆွေးနွေးရာတွင် အလွန်အမင်းကွဲပြားခြားနားသည့် အမြင်များ၊ ပဋိပက္ခဆောင်သည့် အမြင်များ ရှိနေပါလျှင် ဆွေးနွေးမှုပုံစံကို အမှားအမှန် စီရင်ချက်မည့် အနေအထား မဟုတ်ဘဲ အချက်အလက်များကို အတည်ပြုသည့် ဆွေးနွေး မှု ပုံစံအဖြစ် ထိန်းကျောင်းပေးရပါမည်။ နောက်ဆုံးအားလုံး လက်ခံသည့် အဖြစ်မှန်များကို ဖလစ်ချတ် ပေါ်တွင် ရေးသားမှတ်တမ်း တင်ထားပါမည်။**

**So what?** အဲဒီတော့ဘာဖြစ်မလဲ?

နောက်တဆင့်ကတော့ ရပ်ရွာအခြေပြုအဖွဲ့သားများကို အဖြစ်မှန်ကို သုံးသပ်ရန် အကြံပေးပါမည်။ ဘယ်လိုအကြောင်းရင်းခံတွေကြောင့်ဒီအဖြစ်အပျက်ဖြစ်တာလဲ? ဘာ့ကြောင့်ဒီလိုအဖြစ်အပျက် ဖြစ်ပေါ်လာတာလဲ? အဲဒီအဖြစ်အပျက်အပြင် အခြား ဖြစ်နိုင်ခြေရှိနိုင်သေးသလား? ဒီအဖြစ်အပျက်က ရရှိတဲ့ အဓိက သင်္ခန်းစာ ကြီးငယ်တွေ၊ နောင်လိုအပ်ရင်သုံးနိုင်မဲ့ သင်္ခန်းစာတွေ ရှိပါသလား? စတဲ့မေးခွန်းတွေကိုမေးပြီး ရရှိတဲ့ နိဂုံးချုပ်ကောက်ချက် ကို ဖလစ်ချတ်ပေါ်မှာ ရေးချပေးရန်ဖြစ်ပါသည်။

ထို့အတူ သူတို့ကို ဒီအဖြစ်အပျက်ရဲ့ အကျိုးဆက်နဲ့ သက်ရောက်မှုတွေ? ထူးခြားသော အပေါင်းလက္ခဏာ (သို့မဟုတ်) အဆိုးလက္ခဏာဆောင်သော ရေရှည်အကျိုးသက်ရောက်မှု? ကို သုံးသပ်ကြဖို့ မေတ္တာရပ်ခံရပါမယ်။ ပြီးလျှင် နိဂုံးကောက်ချက်များကို ဖလစ်ချတ်ပေါ်မှာ မှတ်တမ်းတင်ထား ရမည်ဖြစ်ပါတယ်။

Now what? အခုဘာဆက်လုပ်ကြမလဲ?

နောက်အဆင့်ကတော့ နိဂုံးကောက်ချက်နှစ်ခု၏ မှတ်တမ်းတင်ထားသော ဖလစ်ချတ် တွေရဲ့ ဖော်ပြချက်တွေကို တိတ်ဆိတ်စွာ အသေအချာဖတ်ကာ သုံးသပ်ဖို့အကြံပေးပါမည်။ ထို့အပြင် သူတို့တွေ့ကြုံကြရသော အဖြစ်အပျက်သည် မည်ကဲ့သို့သော အကြောင်းရင်းများကြောင့်ဖြစ်သည် မည်ကဲ့သို့ပြန်လည်ပြင်ဆင်ပြီး လမ်းကြောင်းမှန်သို့ ရောက်အောင် လုပ်ကြမည်၊ နောက်နောင်အလားတူ အခြေအနေမျိုးတွေ့ကြုံခဲ့ပါလျှင် ထပ်တူကျအမှားမျိုး ထပ်မံမဖြစ်ပွားရလေအောင် ဘယ်လိုလုပ်ဆောင်ကြမည် စသည့် အတွေးအမြင်မျိုးတွေ ရရှိအောင် မည်သို့မည်ပုံအလင်းပြသည်ကို ဆွေးနွေးသုံးသပ်ရန် အကြံပြုသင့်ပါသည်။

၅ မိနစ် ၁၀ မိနစ်ခန့်အချိန်ပေးပြီးလျှင် တစ်ဦးချင်းစီ၏ ထင်မြင်ယူဆချက်များကို အဖွဲ့သားများအားလုံး ရှေ့မှောက်တွင် ဝေမျှဆွေးနွေးရန် မေတ္တာရပ်ခံပါမည်။ ထို့နောက်တစ်ဦးချင်းစီ၏ထင်မြင်ယူဆချက်များကို ဖလစ်ချတ်ပေါ်တွင် ရေးသားမှတ်တမ်းတင်ပါမည်။ တစ်ဦးချင်းစီ၏ ထင်မြင်ယူဆချက်များကို အပြန်အလှန်ကျေညက်စွာဆွေးနွေးကာ ယခုအချိန်မှစ၍ နောင်တွင် အလားတူအဖြစ်အပျက်ကြောင့် ရေတိုတွင်တွေ့ကြုံရသည့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချရန်၊ နောင်တွင် အလားတူအဖြစ် အပျက်မျိုးမည်သည့်အခါမှ မဖြစ်ပေါ်အောင် အသေအချာ ပြင်ဆင်ထားသည့် အစီအစဉ်များပါဝင်သည့်

ပါဝင်သူအားလုံး၏ ယူဆချက်များနှင့်ထင်ဟတ်သည့် နိဂုံးကောက်ချက်ချခြင်း ထွက်ပေါ်အောင် ကူညီပံ့ပိုး ပေးရပါမည်။

Action plan? လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း?

နောက်ဆုံးအဆင့်ဖြစ်ပါတယ်၊ အဖွဲ့သားများအနေဖြင့် ခိုင်မာကောင်းမွန်သော လုပ်ငန်းစီမံချက်ကို ဘယ်သူကဘယ်လိုတာဝန်ကိုယူကာလုပ်ဆောင်မယ်? ဘယ်တော့လုပ်မယ်? ဘယ်မှာလုပ်မယ်? စတဲ့ ရှင်းလင်းတိကျသော အချက်အလက်များပါဝင်သောခိုင်မာသော လုပ်ငန်းအစီအစဉ် တစ်ခုရေးဆွဲ ထွက်ပေါ်လာအောင် ကူညီပံ့ပိုးပေးရပါမည်။ ဤသို့ဖြင့် အားလုံးသဘောတူသည့် ထိုလုပ်ငန်းအစီအစဉ်ကို လက်တွေ့အကောင်အထည် ပေါ်အောင် လုပ်ဆောင်နိုင်ကြမည် ဖြစ်ပါတယ်။

Training Community volunteers to become the local "eyes, ears and voice" of their communities' response

တုန့်ပြန်ဆောင်ရွက်မှုလုပ်ငန်းလုပ်ဆောင်သည့် ရပ်ရွာလူထု၏ အတွက် မျက်လုံး၊ နား နှင့် အသံ များအဖြစ် ဖြစ်တည်လာမည့် ရပ်ရွာစေတနာ့ဝန်ထမ်းများအတွက် သင်တန်း။

| ရပ်ရွာစေတနာ့ဝန်ထမ်းများအတွက် အဓိကပို့ချသည့် "လုပ်ငန်းအဆင့်ဆင့်ကို အသိပေးပြင်ဆင်ခြင်း နှင့် ဒီဇိုင်းကိုပူးတွဲချမှတ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ | လိုအပ်သည့် အချိန် |
|---|---|
| ၁။ လူထုဦးဆောင်ကာ စတင်လုပ်ဆောင်သည့် လုပ်ငန်းများအားအထောက်အကူပြုစေရန် တန်းဘိုးထားလေ့လာခြင်း၊ ထိခိုက်မှု (do-less-harm) မရှိအောင်လုပ်ဆောင်ခြင်းနည်းစနစ်များ၊ အသေးစားစီမံကိန်း နှင့် ကွန်ယက်ဆက်သွယ်ခြင်း များနှင့်ပါဝင်သည့် sclr သဘောတရားများကို ချဲ့ထွင်ကာရှင်းပြခြင်း။ | ၃၀ မိနစ်? |
| ၂။ sclr အစီအစဉ်က အကူအညီပေးမည့် အုပ်စု/အဖွဲ့တစ်ခုတွင်ရှိရမည့် အရည်အချင်းပြည့်မှီမှု ဆိုင်ရာ စံချိန်စံညွှန်းများကို ရှင်းပြခြင်း။ | ၃၀ မိနစ်? |
| ၃။ တန်ဘိုးထားလေ့လာခြင်း (AI) လုပ်ဆောင်ရာတွင် အကူအညီ ပေးရမည့် ရပ်ရွာပရဟိတစေတနာ့ဝန်ထမ်းများ၏ တာဝန်နှင့်အခန်းကဏ္ဍကို ရှိးရှင်းစွာ ပို့ချပေးခြင်း။<br>က) ဒေသခံများကကိုယ်တိုင်စတင်လုပ်ဆောင်သည့် အောင်မြင်မှုရရှိသည့်လုပ်ငန်းများ၊ အောင်မြင်မှုဇတ်လမ်းများ၊ ဒေသခံများ၏ ပြဿနာဖြေရှင်းသည့်နည်းလမ်းများ၊ စိတ်ကူးစိတ်သန်း များ ကို ရှာဖွေဖော်ထုတ်ခြင်း။ (ရှာဖွေဖော်ထုတ်ခြင်း - Discover)<br>ခ) တက်ကြွကာ စွမ်းဆောင်ရည်ရှိသည့် ဒေသခံ အုပ်စုများကို ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရန်တိုက်တွန်းအားပေးခြင်း။ (မျှော်မှန်းချက်ချခြင်း - Dream)<br>ဂ) ရပ်ရွာလူထုအား အသေးစားစီမံကိန်းများအား မည်ကဲ့သို့လျှောက်ထားရမည်၊ ၎င်းတို့လုပ်ဆောင်မည့်လုပ်ငန်းများနှင့်ပါတ်သက်သည့် လိုအပ်သည့်သင်တန်းများကို မည်ကဲ့သို့ တောင်းခံရမည်ကို ရှင်းလင်း တင်ပြခြင်း။ | ၃၀ မိနစ်? |
| ၄။ အသေးစားစီမံကိန်း ရံပုံငွေကိုအသုံးပြုသည့်အခါ တာဝန်ခံတာဝန်ယူမှု၊ အများသိအမြင်ရှင်း ပွင့်လင်းမြင်သာမှုများရရှိစေရန်အားကောင်းလာစေရန်အတွက် ဒေသခံများကျင့်သုံးနေသည့် ထိခိုက်မှု ဖြစ်စေနိုင်သော အန္တရာယ်ကို လျော့ချသည့် အကောင်းဆုံးနည်းလမ်းများကို ဆွေးနွေးဖော်ထုတ်ရန် အကူအညီပေးခြင်း။ | ၃၀ မိနစ်? |
| ၅။ အားလုံးပါဝင်နိုင်ရန်အတွက် တိုက်တွန်းအားပေးခြင်း<br>က) အမျိုးသမီးများ၊ လူငယ်များ၊ အပယ်ခံအုပ်စုများအား ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကို လုပ်ငန်းအစီအစဉ်တစ်ခုအဖြစ်ရေးဆွဲနိုင်အောင် အထူး တိုက်တွန်းအားပေးခြင်း။<br>ခ) ရပ်ရွာအကျိုးပြုလုပ်ငန်းများတွင် မပါဝင်သည့် ရပ်ရွာလူထု၏ အချို့အစိတ်အပိုင်းများကို ဖော်ထုတ်ကာ ၎င်းတို့အားမည်ကဲ့သို့အားပေးအားမြှောက်ပြုသင့်သည်ဆိုသည့် အကြံဉာဏ် စိတ်ကူးများကိုစုစည်းထားခြင်း။ | ၃၀ မိနစ်? |
| ၆။ အဖွဲ့များ၊ အုပ်စုများအကြား ချိတ်ဆက်၊ ဆက်သွယ်ပေးခြင်း<br>က) အတွေ့အကြုံများ၊ အကြံဉာဏ်စိတ်ကူးများကို မျှဝေခြင်း၊ သင်ယူရရှိသောသင်ခန်းစာများကို ဖြန့်ဝေပေးခြင်းများလုပ်ဆောင်ရန် အဖွဲ့များ၊ အုပ်စုများအကြား ချိတ်ဆက်ပေးခြင်း၊ ကွန်ယက်များ တည်ဆောက်ရာတွင် အကူအညီပေးခြင်း။<br>ခ) လုပ်ငန်းလုပ်ဆောင်နေသည့်ဒေသရှိအခြားသောအဖွဲ့အစည်းကြီးငယ်များထံမှ ရရှိနိုင်သော အကူအညီ အထောက်အပံ့များနှင့်ပါတ်သက်သည့်သတင်းအချက်အလက်များကို ပေးအပ်ခြင်း။ (INGO အသေးစား စီမံကိန်းရံပုံငွေတစ်ခုတည်းကိုသာ အားကိုးအားထားပြုခြင်းမျိုးမဟုတ်ပါချေ) | ၃၀ မိနစ်? |
| ၇။ အထက်တွင်ဖော်ပြထားသည့်လုပ်ငန်းများ - သတင်းအချက်အလက်စုဆောင်းခြင်း၊ သတင်းအချက်အလက်အချို့ကိုဖြန့်ဝေခြင်းများပြုလုပ်ရန်အတွက်အလွန်ပြောင်းလွယ်ပြင်လွယ်သည့် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲသဘောတူခြင်း။ (ဘယ်သူတွေက ဘယ်နေရာတွေ ကို ဘယ်အချိန်မှာသွားကြမှာလဲ စသည့်အချက်များပါဝင်သည်။) | ၃၀ မိနစ်? |
| | ၃ နာရီမှ ၅နာရီ |

## လူထုနှင့်တွေ့ဆုံရာတွင်ပြောကြားသည့်မိတ်ဆက်ပြောဆိုခြင်းဥပမာ

**(အမျိုးသားတစ်ဦး အမျိုးသမီးတစ်ဦး ပါဝင်သည့် NNGO လူမှုဖွံ့ဖြိုးရေးလုပ်သား ၂ ဦးပါဝင်သောအဖွဲ့ တစ်ခုက ကျေးရွာအုပ်စု/မြို့ဆင်ခြေဖုံး/နေရပ်စွန့်ခွာသည့် ဒုက္ခသည်စခန်း တစ်ခုတွင် sclr ချဉ်းကပ်နည်းလမ်းကို စတင်မိတ်ဆက်ရှင်းလင်းသည်ဟုဆိုကြပါစို့**

**.............သင့်အနေနှင့် မိမိကိုယ်မိမိမိတ်ဆက်ခြင်း၊ သင့်အဖွဲ့အစည်းနှင့်ပါတ်သက်သည့် အကြောင်းအရာ များကို မိတ်ဆက်ရှင်းလင်းပြီးပြီးဟု ယူဆထားပါရန်................**

၁။ ပထမဦးစွာ မိမိကိုယ်မိမိ မိတ်ဆက်ပေးရန်ဖြစ်ပါတယ်၊ ထိုသို့မိတ်ဆက်ရင်း လက်ရှိကြုံတွေ့နေကြရတဲ့ အခြေအနေပြောင်းလဲမှုများ၊ ဒုတိယအနေနှင့် NNGO (ဒေသခံ အရပ်ဘက်လူမှု အဖွဲ့အစည်းအကြောင်း) ဝန်ထမ်းတစ်ဦးအနေနဲ့ ---ကြုံတွေ့နေရသော အခက်အခဲများကို တုန့်ပြန်လုပ်ဆောင်ရာမှာ ကျနော်/ကျမတို့က ဘယ်လိုအကူအညီမျိုး ပေးနိုင်သလဲ ဆိုတဲ့အချက်ရယ်။ ဘယ်အရာတွေကို ကျနော်တို့လုပ်ဆောင်နိုင်ပြီး၊ ဘယ်အရာတွေကိုတော့ မလုပ်ဆောင်နိုင်ဘူးဆိုတာ မိနစ် ၂ဝ ခန့်ရှင်းပြလိုပါတယ်။

၂။ ကျနော်/ကျမ တို့အဖွဲ့အစည်းမှာယခုရင်ဆိုင်နေရတဲ့ အခက်အခဲကြောင့်ဖြစ်ပေါ်နေသော ရပ်ရွာလူထု များရဲ့ လိုအပ်ချက်အားလုံးကို အကူအညီပေးနိုင်တဲ့ ရန်ပုံငွေ၊ လူအင်အား လုံလောက်မှုမရှိပါဘူး ဆိုတာဦးစွာ ပထမပြောကြားလိုပါတယ်၊ သို့သော်လည်း ကျနော်/ကျမတို့အနေနဲ့ ဒီရပ်ရွာက ရပ်ရွာလူထုများက မိမိတို့ရင်ဆိုင်နေရတဲ့ အခက်အခဲများကို မိမိတို့ကိုယ်တိုင်ကြိုးစား တုန့်ပြန်ဆောင်ရွက်ကာ တရပ်ရွာလုံးကို အကူအညီ ပေးနေတာကို သိရှိထားပါတယ်။ အဲဒီထဲမှာမှ ကိုယ့်ဘာသာကိုယ်မရပ်တည်နိုင်သော ရွာသူ/သားများကို ဦးစားပေး အကူအညီပေးနေသော အစုအဖွဲ့များ၊ လူပုဂ္ဂိုလ် တစ်ဦးချင်း တို့ရဲ့ ကြိုးပမ်းမှုကို ပိုမိုအားကောင်းလာအောင် အကူအညီပေးချင်ပါတယ်ဆိုတာ ကိုလဲဘဲ ပြောကြား လိုပါတယ်။

၃။ ကျနော်/ကျမ တို့အနေနဲ့ ဘယ်ဒေသမှာဘဲဖြစ်ဖြစ် ရပ်ရွာလူထုများဟာ ဘေးဒဏ်တစ်ရပ် ကျရောက်လာခဲ့ရင် ပထမဦးဆုံးတုန့်ပြန် ရင်ဆိုင်သူတွေဖြစ်တယ်ဆိုတာကို သိရှိနားလည် ထားကြ ပါတယ်၊ အဲဒီလို ကိုယ့်အစီအစဉ်နဲ့ကိုယ် အချင်းချင်းအကူအညီပေးနေသော စေတနာ့ဝန်ထမ်း အများ အကျိုးထမ်းရွက်သူများဟာ ခံနိုင်ရည်အနည်းပါးဆုံးနဲ့ မိမိဘာသာမိမိ မရပ်တည် နိုင်သောမိသားစုများ၊ ရပ်သူရွာသားများကို ကူညီကြပါတယ်။ ကျနော်/ကျမ တို့အနေနဲ့ အခုလို စေတနာ့ဝန်ထမ်းစိတ် အပြည့်နဲ့ ရပ်ရွာလူထုများက စတင်လုပ်ဆောင်နေသော တရပ်ရွာလုံးကို လွှမ်းခြုံကူညီမယ့် စိတ်ကူး အကြံဉာဏ်တွေ၊ တုန့်ပြန်ဆောင်ရွက်မှုအစီအစဉ်တွေကို ပိုမိုထိရောက်ပြီး အကျိုးဖြစ်ထွန်းအောင် အလျင်အမြန် အကူအညီ ပေးလိုကြောင်းကို တင်ပြအသိ ပေးလိုပါတယ်။

ယခုရပ်ရွာအတွင်းမှာ စတင်လုပ်ဆောင်နေသူများဟာ ရှိရင်းစွဲရိုးရာသဘာဝအဖွဲ့များဖြစ်နိုင်သလို အများအကျိုးဆောင်ရွက်ရန်အတွက် အရေးပေါ်ဖွဲ့စည်းထားသောအစုအဖွဲ့များ လည်းဖြစ်နိုင်ပါတယ်။ (အိမ်နီးနားချင်း သို့မဟုတ် မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့များ၊ ပညာတတ်များစုစည်း ထားသော အစုအဖွဲ့များ၊ လုပ်ငန်းခွင်တစ်ခုတည်းမှ အလုပ်သမားအစုအဖွဲ့များ၊ လူငယ်အစုအဖွဲ့များ၊ အဖိုးအဖွား များ စုစည်းထားသော အစုအဖွဲ့များ၊ အမျိုးသမီး သို့မဟုတ် အမျိုးသား အစုအဖွဲ့များ၊ မသန်စွမ်း အစုအဖွဲ့များ၊ ဆင်းရဲသားအဖွဲ့များ) ကျနော်/ကျမတို့ ရွေးချယ်လိုသော အစုအဖွဲ့အပေါ် အဓိကစံသတ်မှတ်ချက်ကတော့ အဲဒီအဖွဲ့ဟာ အများအကျိုးအတွက် အကူအညီပေးသောလုပ်ငန်း တစ်မျိုးမျိုးကို လုပ်ဆောင်ထားပြီး ဖြစ်ရပါမယ်။ ပြီးတော့ ရပ်သူရွာသားများကလဲ အဖွဲ့ကို ယုံကြည်မှုရှိရပါမယ်။ ထို့အပြင် အဲဒီအစုအဖွဲ့မှာ တစ်ရပ်ရွာလုံးကို အကူအညီပေးဘို့ရာ တီထွင်ဖန်တီး တတ်သော စိတ်ကူးအကြံဉာဏ်များလဲရှိရပါမယ်။

၄။ ကနဦးအနေနဲ့ ကျနော်/ကျမတို့သည် စောစောကတင်ပြဆွေးနွေးခဲ့သလို အများအကျိုးကို စေတနာ့ ဝန်ထမ်း လုပ်ဆောင်နေတဲ့ ရပ်ရွာအတွင်းက အစုအဖွဲ့များရဲ့ လုပ်ဆောင်မှုသာဓကများကို ရှာဖွေ လေ့လာ လိုပါတယ်။ အကယ်၍ အဲဒီလိုအဖွဲ့လေးတွေတွေ့ခဲ့ရင် ယင်းအဖွဲ့တွေအနေနဲ့ သူတို့မှ ရံပုံငွေများပိုမိုရှိလာရင် လက်ရှိလုပ်ငန်းကို ဘယ်လိုချဲ့ထွင်လုပ်ကိုင်လိုသလဲဆိုတာကို စဉ်းစားရန် တိုက်တွန်း အားပေးပါမယ်။ အဲဒီအဖွဲ့လေးတွေရဲ့ အများအကျိုးလုပ်ဆောင်ရန်အတွက် စိတ်ကူး စိတ်သန်းတွေဟာ ရိုးစင်းသော စံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုရှိခဲ့ရင် သူတို့နဲ့တွေ့ပြီး လုပ်မဲ့ လုပ်ငန်းနဲ့ ကုန်ကျမယ့်ရန်ပုံငွေကို တွက်ချက်ပြီး ကျနော်/ကျမတို့ကို ပြသပေးဘို့ရာ မေတ္တာရပ်ခံပါမယ်။ အဲဒါမှလည်း ကျနော်/ကျမတို့အနေနဲ့ ၎င်းတို့လုပ်ဆောင်မယ့် လုပ်ငန်းကို နားလည်နိုင်မှာ ဖြစ်ပါတယ်။

၅။ ရိုးစင်းသော စံသတ်မှတ်ချက်ဆိုတာတွေက ဘာတွေပါလဲဆိုတာကို ရှင်းလင်းပြောကြားပါရစေ။ ကျနော်/ကျမ တို့ရဲ့အဖွဲ့အစည်းက အသေးစားရံပုံငွေလေးတွေ ထောက်ပံ့ပါတယ်၊ အဲဒီ ရံပုံငွေကို လျှောက်ထားလိုလျှင် အသေးစားစီမံကိန်းလျှောက်လွှာ ရေးသားတင်ပြရပါတယ်။ လျှောက်လွှာရေး တော့မယ်ဆို ကျနော်/ကျမတို့က အကူအညီပေးမှာဖြစ်လို့ စိတ်ပူပန်စရာမလိုဘူး ဆိုတာလေးကိုလဲ ပြောကြားပါရစေ။ အဲဒီစီမံကိန်းလျှောက်လွှာများသည် အကူအညီအလွန် လိုအပ်နေသော ကျယ်ပြန့်သော ရပ်ရွာလူထုကို အကျိုးပြုနိုင်ရမှာဖြစ်ပါတယ်၊ အောင်မြင်အောင် အကောင် အထည်ဖော်နိုင်သော လုပ်ငန်းဖြစ်ရပါမယ်၊ ကုန်ကျမှုအနည်းငယ်နဲ့ မြင့်မားသောအကျိုးဖြစ်ထွန်းမှု ရရှိရပါမယ်၊ ဒေသခံများရဲ့ ထည့်ဝင်မှုလည်းရှိရပါမယ်။ ထို့အပြင် တာဝန်ခံတာဝန်ယူမှုနှင့် အများသိအမြင်ရှင်းပွင့်လင်းမြင်သာမှုအား ထိန်းကျောင်းသောစနစ်ကို ရှင်းလင်းစွာမဖော်ပြထားသော လျှောက်လွှာများကိုလည်း ရန်ပုံငွေ ထောက်ပံ့ပေးမည် မဟုတ်ပါ။ စောစောက ကျနော်/ကျမတို့ တင်ပြခဲ့သလို တာဝန်ခံတာဝန်ယူမှုနှင့် အများသိအမြင်ရှင်း ပွင့်လင်းမြင်သာမှုရှိမှသာ ရပ်သူရွာသား များအနေနဲ့ ရရှိသောရံပုံငွေကို မည်ကဲ့သို့ အသုံးပြုမည်ကို သိရှိပြီး မလိုလားအပ်သော ပဋိပက္ခများကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။
ယခု ကျနော်/ကျမတို့ဆွေးနွေးနေသော အသေးစားစီမံကိန်း ရန်ပုံငွေဟာလဲ အန္တရာယ်ရှိပါတယ် အဲဒီရန်ပုံငွေကြောင့် ပြစ်မှုကျူးလွန်နိုင်တာ၊ မသင်္ကာတာ၊ အချင်းချင်းမနာလိုတာ၊ တင်းမာမှုတွေနဲ့ နောက်ဆုံးမှာ လုံခြုံရေးပြဿနာလဲ ရှိလာတတ်ပါတယ်။ အဲဒါကြောင့် ကျနော်/ကျမတို့ ရဲ့ အသေးစား ရန်ပုံငွေကိုလက်ခံရရှိသော အဖွဲ့များအနေဖြင့် အထက်ပါဖြစ်နိုင်ချေရှိသော အန္တရာယ်များကို မည်သို့မည်ပုံ လျှော့ချမည်ကို ရှင်းပြရပါမည်။ အကျိုးများပြီး ထိခိုက်မှုနည်းသော အကူအညီမျိုး ဖြစ်ဖို့လိုပါတယ်။ ကျနော်/ကျမတို့ အနေနဲ့ အဲဒီအနုတ်လက္ခဏာဆောင်သော ဘေးထွက်ဆိုးကျိုးများ ကို မည်သို့မည်ပုံ ရှောင်ရှားရမည်ကို ရပ်သူရွာသားများနဲ့ ဆွေးနွေးလိုပါတယ်။ မတူညီတဲ့ အမြင်များနဲ့ အကြံဉာဏ်များကိုလဲ ရယူလိုပါတယ်။

၆။ ယခုလိုအခြေအနေမှာ ရပ်ရွာလူထုများအနေနဲ့ လုပ်ဆောင်လိုသော လုပ်ငန်းအမျိုးအစား မျိုးစုံရှိ မှာသေချာပါတယ်။ အဲဒီအချက်ကိုလည်း ကျနော်/ကျမတို့က ကောင်းစွာသိရှိထားပါတယ်။ ဒါ့ကြောင့် လည်း ရပ်ရွာလူထုရဲ့ စိတ်ကူးနဲ့ လုပ်ဆောင်လိုသောလုပ်ငန်းနဲ့ပတ်သက်ရင် ကျနော်/ကျမ တို့ အနေနဲ့ ကဏ္ဍမျိုးစုံကိုလက်ခံပြီး စိစစ်ခွင့်ပြုမှာဖြစ်ပါတယ်။ လျှောက်ထားသောစီမံကိန်းဟာ အရေးပေါ် အသက်ရှင်သန်ရေးဖြစ်နိုင်သလို၊ ရပ်ရွာအဆောက်အအုံတွေပြင်ဆင် တာလဲဖြစ်နိုင်ပါတယ်၊ လူထု ကျန်းမာရေးပြဿနာလဲဖြစ်နိုင်သလို၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ဖို့လဲ ဖြစ်နိုင်ပါတယ်၊ ထို့အပြင် ရေပိုက်လိုင်းပြင်ဆင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်ခြင်း၊ စိတ်ဒါဏ်ရာများမှ သက်သာကာ စိတ်ဓါတ်ကြံ့ခိုင်လာဖို့စတဲ့ လုပ်ငန်းတွေအတွက် လျှောက်ထား တာလဲဖြစ်နိုင်ပါတယ်။ အခြေခံအားဖြင့်ပြောရမယ်ဆိုရင် ချမ်းမြေ့ပြည့်စုံသည့် ဘက်စုံဖွံ့ဖြိုးရေးကို ဖြစ်ပေါ်စေသော မည့်သည့် လုပ်ငန်းမဆို အကျုံးဝင်သလိုဘဲ လူမှုပေါင်းစည်းမှုကို အားကောင်းစေမှုအပြင် ကိုယ့်ဘာသာကိုယ် မရပ်တည် နိုင်သော

ရွာသူ/သားများကို ဦးစားပေး အကူအညီပေးနေသော အစီအစဉ်များလည်း အကျိုးဝင်ပါတယ် ဆိုတာကို တင်ပြလိုပါတယ်။

၇။ သို့သော်ငြားလည်း ကျနော်/ကျမတို့အနေနဲ့ ကိုယ့်အားကိုယ်ကိုးအဖွဲ့ကဲ့သို့သော မိမိတို့၏ အရင်း အမြစ်များ(ငွေသား၊ ပစ္စည်း စသည်ဖြင့်)ကို မိမိတို့အတွက်သာ အသုံးပြုသော အဖွဲ့အစည်းမျိုးက လျှောက်ထားလာခဲ့လျှင် အကူအညီမပေးနိုင်ပါ။ ကျနော်/ကျမတို့ မှာလည်း အဲဒီလို အခွင့်အရေးမျိုးကို လူအားလုံးကိုပေးနိုင်လောက်သော ရန်ပုံငွေ အရင်းအမြစ်မရှိသလို အကယ်၍ အဲဒီလိုမျိုး တစ်စုတစ်ဖွဲ့အား အကူအညီပေးခဲ့လျှင် ရပ်ရွာအတွင်းမှာ စိတ်ဝမ်းကွဲပြားမှုတွေဖြစ်လာနိုင်ပါတယ်။ အချင်းချင်းမနာလိုတွေဖြစ်ကြပြီး သဘောထားတင်းမာရာကနေ လူမှုပေါင်းစည်းမှုကို အားနည်း သွားစေမှာ ဖြစ်ပါတယ်။

၈။ ကျနော်/ကျမတို့အဖွဲ့အနေနဲ့ ရန်ပုံငွေအကူအညီပေးမဲ့ လျှောက်လွှာကိုခွင့်ပြုပေးရန် ရွေးချယ်သော အခါ၊ လက်ခံရရှိသော စီမံကိန်း လျှောက်လွှာတွေရဲ့ အရည်အသွေး၊ အဖွဲ့ကရာဖွေထားသော ရန်ပုံငွေ ပမာဏတွေ အပေါ် မှာမူတည်ပြီး ရွေးချယ်ပါတယ်။ ခွင့်ပြုချက် ရသွားသော အသေးစားရန်ပုံငွေကို လျှောက်ထားသောအဖွဲ့ထံနစ်ဖက်သဘောတူ စာချုပ်ထိုးပြီးလျှင်ပြီးခြင်း ပေးပို့ပါတယ်။ ရောက်ရှိလာသော ရန်ပုံငွေကို ရပ်သူရွာသားအားလုံးသိရှိအောင် အသိပေးရပါမယ်။ အဲဒီရန်ပုံငွေနဲ့ ဘာလုပ်ငန်းလုပ်မယ်၊ ဘယ်လောက်ကုန်ကျ မယ်ဆိုတာကိုလဲ ရပ်သူရွာသားအားလုံး သိရှိရပါမယ်။ ရပ်ရွာဘက်က ထည့်ဝင်ရမဲ့အပိုင်းကိုလဲ ရှင်းလင်းစွာအားလုံး သိထားရပါမယ်။ ကူညီသောငွေ သူတို့လက်ခံပြီးသည်နှင့် ထိုအဖွဲ့အစည်းရဲ့ အပေါ် မူတည်သွားပါပြီ၊ သူတို့ရဲ့ စီမံကိန်းကို သူတို့ရဲ့ရန်ပုံငွေများ၊ လူထု၏ထည့်ဝင် ပါဝင်မှုများနဲ့ သူတို့ဘာသာသူတို့ စွမ်းစွမ်းတမံ အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ဘို့ ဖြစ်ပါတယ်။ လူထုအနေဖြင့် ရောက်ရှိလာသော ရန်ပုံငွေကို တာဝန်ယူ အကောင်အထည် ဖော်မည့် အဖွဲ့အား ငွေကြေးသုံးစွဲခွင့် ခွင့်ပြုပေးဘိုလိုပါတယ်။ လုပ်ငန်းပြီးဆုံးသွားပြီဆိုရင် အဲဒီအဖွဲ့က အစီရင်ခံစာရေးသားပြီး ရပ်ရွာတစ်ခုလုံးကို တင်ပြပါမယ်။ NNGO ထံကိုလည်း ပေးပို့မှာဖြစ်ပါတယ်။ NNGO များအနေနဲ့ အဲဒီအဖွဲ့နဲ့ တစ်ရပ်ရွာလုံးကို အတွေ့အကြုံများကနေ သင်ခန်းစာယူနိုင်အောင် "ရိုးရှင်းသောသင်ယူမှု လုပ်ငန်းစဉ်နည်းလမ်းလေး" ကို အသုံးပြုပြီး အကူအညီပေးမှာ ဖြစ်ပါတယ်။

၉။ ကျနော်/ကျမတို့အဖွဲ့အနေနဲ့ ရပ်ရွာအချို့ထံကနေ စံချိန်မှီသော စီမံကိန်းလျှောက်လွှာ အမြောက် အများ လက်ခံရရှိနိုင်ပါတယ်။ အချို့ရပ်ရွာများမှာတော့ ရပ်ရွာအတွင်းမှ အများအကျိုးလုပ်ဆောင် နေသော အစုအဖွဲ့အနည်းအကျဉ်းကိုသာ တွေ့ရှိရတတ်ပါတယ်။ တစ်ခါတစ်ရံ မည်သည့်အများအကျိုးပြုလုပ်ငန်းမျိုးမှ လုပ်ဆောင်ထားခြင်းမရှိသော ရပ်ရွာမျိုးလဲ တွေ့ရှိရတတ်ပါတယ်။ အဲဒီလို အခြေအနေမျိုးကြုံတွေ့လာခဲ့လျှင် ကျနော်/ကျမတို့အနေဖြင့် အတင်းအကြပ် မတိုက်တွန်း တော့ဘဲ၊ အခြားရပ်ရွာတွေမှာ ဆက်လက်ရှာဖွေ သွားမှာ ဖြစ်ပါတယ်။ သို့သော်လည်း စောစောက တင်ပြခဲ့တဲ့ အများအကျိုးနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ငန်းမျိုးမှ မလုပ်ထားသောရပ်ရွာမှာ ရပ်ရွာတွင်း အစုအဖွဲ့များက အများအကျိုးပြုလုပ်ငန်းကို စတင်လုပ်ဆောင်ပြီ ဆိုလျှင်ကျနော်/ကျမတို့ ပြန်လည် သွားရောက်ပြီး နှီးနှောဆွေးနွေးစည်းရုံးကာ ကူညီနိုင်မဲ့အခွင့်အရေးကို ရပ်ရွာလူထုနှင့်အတူ ရှာဖွေမှာ ဖြစ်ပါတယ်။ စောစောက ကျနော်/ကျမတို့ တင်ပြတဲ့အထဲမှာ သတိရပေးဖို့ တစ်ခုရှိပါတယ် အဲဒါကတော့ ကျနော်/ကျမတို့ အဖွဲ့မှာ မိသားစုတစ်စုချင်းစီရဲ့ အသက်မွေးဝမ်းကျောင်းမှု လိုအပ်ချက်အသီးသီးအတွက် ကူညီရန်အတွက် စွမ်းဆောင်နိုင်စွမ်းမရှိသလို ရန်ပုံငွေလဲ အလုံအလောက်မရှိပါဘူး။ ကျနော်/ကျမ တို့အနေနှင့် သူတပါးနဲ့ အများအကျိုး ကိုလုပ်ဆောင်နေသောအဖွဲ့များ သို့မဟုတ် အများအကျိုးပြု လုပ်ငန်းများ ကို တိုးချဲ့လုပ်ဆောင်လိုသောအဖွဲ့များကိုသာ အထောက်အကူပေးနိုင်မှာဖြစ်ပါတယ်။

၁၀။ ကျနော်/ကျမတို့အဖွဲ့အစည်းအနေနှင့်လည်း ယခုကူညီသောနည်းလမ်းသည် အရေးပေါ်အကူအညီ ပေးသည့် သမရိုးကျနည်းလမ်းမဟုတ်မှန်း သိရှိပါတယ်။ ဒါပေမဲ့ ကျနော်တို့ ဒီချဉ်းကပ်နည်းလမ်းကို အသုံးပြုဘို့ကြိုးစားနေပါတယ် ဘာ့ကြောင့်လဲဆိုတော့ ကျနော်/ကျမတို့ဟာ ရပ်ရွာလူထုများ အမျိုးမျိုးသော ဘေးဒဏ်သင့်သည့်အချိန်တွေမှာ တစ်ဦးနှင့်တစ်ဦး ယိုင်းပင်း ကူညီသော ဓလေ့ကိုကျင့်သုံးတာပါ အဲဒီအားသာချက်ကို အရင်းတည်ကာ ပြင်ပကနေ အကူအညီပေးလိုက်ရင် သူတို့ဟာ လက်ရှိအခြေအနေထက် ပိုကောင်းအောင် လုပ်နိုင်မှာ အသေအချာဖြစ်ပါတယ်။ အများအားဖြင့် ဘေးအန္တရာယ်ကျရောက်ချိန်မှာ ရပ်သူရွာသားတွေရဲ့ လူသားဂုဏ်သိက္ခာတွေ၊ အကြံဉာဏ် စိတ်ကူးစိတ်သန်းတွေ၊ စွမ်းဆောင်ရည်တွေ၊ ဗဟုသုတတွေနဲ့ အင်အားတွေဟာ အမြဲလစ်လျူရှုခံရတာများတယ်လို့ဆိုပါတယ်။ ထို့ကြောင့် ယခုရပ်သူရွာသားများရဲ့ ခွင့်ပြုချက်နဲ့ kka/sclrချဉ်းကပ်နည်းလမ်းကို အတူတူလက်တွဲလုပ်ဆောင်ရင်း ရပ်သူရွာသားများဟာ ကျရောက် လာသော ဘေးဒဏ်ကို တုန့်ပြန်ဆောင်ရွက်ရာမှာ အခြားအရပ်ကနေလာပြီး လုပ်ဆောင်သော ပြင်ပအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များထက် ပိုပြီးထိရောက်စွာ၊ လျှင်မြန်စွာ၊ အကျိုးရှိစွာ လုပ်ဆောင်နိုင်ကြောင်း လက်တွေ့ပြသလိုက်ကြရအောင်လို့ နှိုးဆော်ပါရစေ။

၁၁။ ကျနော်/ကျမတို့အဖွဲ့ရဲ့ အဓိကပြဿနာကတော့ ရန်ပုံငွေ ကို အကန့်အသတ်နဲ့ဘဲရှာဖွေနိုင်လို့ ရပ်ရွာများစွာကနေ လျှောက်ထားသော အသေးစားစီမံကိန်းအားလုံးကို ထောက်ပံ့ပေးအပ်ရန် ရန်ပုံငွေ လုံလောက်မှုမရှိပါဘူး၊ ဘက်ပေါင်းစုံ ကနေ အခက်အခဲမျိုးစုံကြုံတွေ့နေရသော ရပ်ရွာလူထုများအနေနဲ့လဲ စီမံကိန်းတစ်ခုလောက် လုပ်ဆောင်ပြီး ရပ်ရွာလူထုအားလုံးရဲ့ လိုအပ်ချက်အားလုံး ပြီးမြောက်ဘို့ရာ မဖြစ်နိုင်မှန်း ကျနော်/ကျမတို့ သိရှိထားပါတယ်။ ထို့အပြင် ယခုရပ်ရွာသာမက အခြားဒေသမှ ရပ်ရွာအစုအဖွဲ့များစွာကလည်း စိတ်ကူးစိတ်သန်းကောင်းတွေနဲ့ အများအကျိုးပြုလုပ်ငန်းတွေကို ဖော်ထုတ်ကာ စံချိန်မှီသော၊ ရံပုံငွေပေးအပ်ရန်ခွင့်ပြုထိုက်သော စီမံကိန်းလျှောက်လွှာအမြောက်အများကို လျှောက်ထားလာကြမှာ အမှန်ပင်ဖြစ်ပါတယ်။ အဲဒါကြောင့် ကျနော်/ကျမတို့ အဖွဲ့အနေနဲ့ လက်ခံရရှိသော စီမံကိန်းလျှောက်လွှာအားလုံးကို ခွင့်ပြုပေးနိုင်မည် မဟုတ်ကြောင်း ကနဦးကပင် လေးစားစွာတင်ပြလိုပါတယ်။ သို့သော်လည်း ကျနော်/ကျမတို့အနေနဲ့ ရန်ပုံငွေကို ပိုတိုးပြီးရှာဖွေရန် ကြိုးစားကာ စံချိန်မှီကောင်းမွန်သော လျှောက်လွှာအားလုံးကို အကူအညီပေးနိုင်ရန် လုပ်ဆောင်မည် ဖြစ်ပါတယ်။ တစ်ဘက်ကလည်း အခြားအလှူရှင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ အကူအညီပေးနိုင်အောင် လုပ်ဆောင်နေမည်ဖြစ်ပါတယ်။ မဖြစ်မနေပေးမည်ဟုအာမမခံနိုင်သော် လည်း ခိုင်မာသောဆုံးဖြတ်ချက်နဲ့ ရန်ပုံငွေများထပ်မံရရှိအောင် ကြိုးစားနေမှာဖြစ်ပါတယ် ဆိုတာကို အသိပေးတင်ပြလိုပါတယ်။ အကယ်၍ ပထမအကြိမ် အသေးစား ရန်ပုံငွေဖြင့် အကောင်အထည်ဖော် သော စီမံကိန်းသည် လူအများကို အကျိုးပြုသည့် ဒေသခံရပ်ရွာလူထု၏ ဦးဆောင်မှုဖြင့်လုပ်ဆောင် မှုကို သာဓကကောင်းများ၊ ရလာဒ်ကောင်းများ ပြသနိုင်ခဲ့လျှင် အလှူရှင်များ၏ စိတ်ဝင်စားမှုရရှိကာ အခြားအစုအဖွဲ့များ၏ စီမံကိန်းလျှောက်လွှာ များအတွက်ပါ အကျိုးရှိမည်ဖြစ်ပါသည်။

၁၂။ ကျနော်/ကျမတို့အဖွဲ့အနေဖြင့် ယခုလုပ်ဆောင်မှုကို ကနဦးစမ်းသပ်လုပ်ဆောင်သော အဆင့်အဖြစ် သတ်မှတ်လုပ်ဆောင်ပါသည်။ ရန်ပုံငွေကိုလည်း အနည်းအကျဉ်းသာအသုံးပြုကာ ရပ်သူ ရွာသားများအား လုပ်ပိုင်ခွင့်အာဏာလွှဲအပ်ကာ ၎င်းတို့၏ စီမံကိန်းများကို ၎င်းတို့ဘာသာ လုပ်ဆောင် အကောင်အထည်ဖော် နိုင်ပါကြောင်းကိုပြသရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ကျနော်/ကျမတို့အဖွဲ့ အနေဖြင့် ကနဦးစမ်းသပ် လုပ်ဆောင်မည့် ရပ်ရွာအနည်းငယ်ကိုသာ ရွေးချယ်ကာ လက်တွဲ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဤသို့ရွေးချယ်ရာတွင် လက်ရှိအခြေအနေအရ အခက်အခဲကြုံတွေ့သည့်ဒေသ၊ အရေးပေါ်အကူအညီ အရေးတကြီး လိုအပ်နေသည့် ဒေသရှိ လျှောက်လွှာများကို ဦးစားပေးမည်ဖြစ်ပါသည်။ ခွင့်ပြုချက်ကျပြီးသည့် လျှောက်လွှာ ပိုင်ရှင်အဖွဲ့များထံသို့ အလွှန်လွယ်ကူ ရိုးရှင်းသည့် နှစ်ဘက်သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီး လျှင်ပြီးချင်း အသေးစား ရံပုံငွေကို အလျင်အမြန်ပေးပို့မည်ဖြစ်ပါသည်။

၁၃. ကြွရောက်လာကြသော ရပ်သူရွာသားများခင်ဗျား  ယခုလိုအချိန်ပေးပြီး လာရောက်စုရုံးပေးတာ စိတ်ရှည်စွာဖြင့် နားထောင်ပေးတဲ့အတွက် အလွန်ဘဲကျေးဇူးတင်တဲ့အကြောင်းကို လေးစားစွာ တင်ပြအသိပေးလိုပါတယ်၊ အခုကျနော်တို့အလှည့်ဖြစ်ပါတယ် ရပ်သူရွာသားများအနေနဲ့ မရှင်းလင်း သော အချက်များရှိရင် မေးခွန်းမေးမြန်းဘို့၊ မန့်ပေးချင်ရင်လဲမန့်ပေးဘို့၊ အကြံပေးလိုလျှင်လည်း အကြံပေးရန်လေးစားစွာ ဖိတ်ခေါ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ ရပ်သူရွာသားများ ရပ်ရွာ အကြီးအကဲများကို မေတ္တာရပ်ခံတောင်းဆိုလိုတာရှိပါတယ်၊ အဲဒါကတော့ ယခုဆွေးနွေးပွဲပြီး တဲ့အခါရပ်ရွာအတွင်း လှည့်ပတ်ပြီး ရွာသူရွာသားများနှင့် စကားအနည်းငယ် ပြောချင်ပါတယ်၊ အကယ်၍ ရပ်ရွာအတွင်းမှာ အစုအဖွဲ့များရှိလျှင်လည်း သူတို့နဲ့လဲ စကားစမြည် ပြောဆိုလိုပါကြောင်း လေးစားစွာ မေတ္တာရပ်ခံ အပ်ပါတယ်။ ဟုတ်ကဲ့ အခုစဆွေးနွေးလို့ရပါပြီးခင်ဗျား။

*ခေတ္တာရပ်ပြီး တုန့်ပြန်အကြံပြုချက်ကို စောင့်ဆိုင်းရန် ..ထို့နောက် ရပ်ရွာအတွင်းတွင် မည်သို့မည်ပုံ လှည်ပါတ်မည်၊ လိုအပ်ပါက အပြုသဘောဆောင်လေ့လာခြင်းများကို မည်သို့မည်ပုံပြုလုပ်မည် စသည်ဖြင့် ဖြည့်စွက်ရှင်းပြနိုင်သည်။*

## Planning your roll-out of sclr: operationalising sclr in practice

## sclr ကိုလက်တွေ့လုပ်ဆောင်ခြင်း - သင့်ပါဝင်လှုပ်ရှားမှုကို အစီအစဉ်ဆွဲပါ

၁။ အသေးစားစီမံကိန်းတစ်ခုအတွက် အကူအညီပေးမည့်ရံပုံငွေပမာဏကို ခန့်မှန်းချေအားဖြင့် ကျပ်သိန်း ၂၅ နှုန်းရာထားကာ (အနဲဆုံး ကျပ် ၁ သိန်းမှ အများဆုံး သိန်း ၅၀ အထိ၊ သို့သော် ကျပ်သိန်း၂၅ သည် စီမံကိန်းရေးဆွဲ ရန် အဆီလျော်ဆုံးပမာဏဖြစ်ပါလိမ့်မည်) သင့်တို့အဖွဲ့အစည်းအနေဖြင့် အသေးစား စီမံကိန်းမည်မျှအတွက် ထောက်ပံ့ပေးနိုင်သည်ကို ခန့်မှန်းပေးပါရန်။ (သိန်း၂၅ သည် ခန့်မှန်းချေအားဖြင့် ၁၂၅၀ USD နှင့်ညီသည်)

၂။ ကျေးရွာအခြေအနေနှင့်မြို့ဆင်ခြေဖုံးအခြေအနေ၂ ရပ်အကြားကွာခြားမှုများစွာရှိနိုင်ပါသည်။ အချို့ဒေသ တွင် sclr အကူအညီပေးရန် အကျုံးဝင်သည့် ကိုယ့်အားကိုယ်ကိုး စေတနာ့ဝန်ထမ်းအုပ်စု များစွာရှိနေနိုင်သကဲ့သို့ အချို့ဒေသတွင် လုံးဝမတွေ့ရှိရချေ။ သို့သော်လည်း စီမံကိန်းဆွဲခြင်းကို နမူနာလုပ်ဆောင်ရန် ရပ်ရွာလူထုလူဦးရေ ၃,၀၀၀ စီရှိမည့် ကျေးရွာတစ်ခုနှင့် ဆင်ခြေဖုံးရပ်ကွက်တစ်ခု စီအား သိန်း ၂၀ စီ အကူအညီပေးမည့် အသေးစားရံပုံငွေ ပေးအပ်မည့် အစီအစဉ်ရေးဆွဲပေးပါ။

၃။ ရပ်ရွာလူထုကစတင်လုပ်ဆောင်လိုသောလုပ်ငန်းများမှာ တစ်ခုနှင့်တစ်ခုသည် အချိန်လိုအပ်ချိန်ကို လိုက်၍ များစွာ ကွဲပြားပေသည်။ ဉပမာ -

- နေရပ်စွန့်ခွာဒုက္ခသည်များအတွက် အရေးပေါ် အသက်ကယ်ဆယ်ရေး၊ စားနပ်ရိက္ခာ မဟုတ်သည့် အကူအညီ၊ ဆန် များကို အချိန် ၃ ရက်အတွင်း ဝယ်ယူရန်၊
- ပဋိပက္ခများကြောင့်ပျက်စီးသွားကာ သောက်ရေ၊ သုံးရေ လိုအပ်နေသည့် ကျေးရွာစိမ့်စမ်း ရေသွယ်စနစ် ပျက်စီးမှုကို  ပြန်လည်ပြင်ဆင်ရန် ၃ ပါတ်ခန့်ကြာမြင့်နိုင်သည်၊
- ကလေးများအား မူလတန်းပညာသင်ကြားပေးပြီး၊ ရပ်ရွာမလူကြီးများအား ကိုဗစ်အသိပညာ ပေးနေသည့် စေတနာ့ဝန်ထမ်း ဆရာ၊ဆရာမများကို ထောက်ပံ့ရန် ကျေးရွာကျောင်းတစ်ကျောင်း ဆောက်လုပ်ခြင်း၊ ထိုကျောင်းရှိကျောင်းဉယျာဉ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ ဒေသကြက် မွေးမြူခြင်းများကို လုပ်ဆောင်မည်ဆိုလျှင် ၃ လခန့်ကြာမြင့်မည်ဖြစ်သည်။

သို့သော်လည်း ယခုလုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် အသေးစား စီမံကိန်းတစ်ခုအစမှအဆုံးအထိ ကြာမြင့် ချိန်ကို  ၁ လ ဟု သတ်မှတ်မည်။

၄။ အခြေအနေတစ်ခုနှင့်အခြေအနေတစ်ခုမတူညီသော်လည်း အသေးစားစီမံကိန်းရံပုံငွေ ထုတ်ပေးခြင်းကို စီစစ်ကြီးကြပ်ရန်အတွက် သင်တို့အဖွဲ့မှ လူမှုဖွံ့ဖြိုးရေးလုပ်သား ၂ ဦး (ကျား ၁၊မ ၁) တို့အနေဖြင့် တစ်လျှင် အသေးစားစီမံကိန်း ၄ ခုမှ ၆ ခုအထိ ပြီးစီးအောင်လုပ်ဆောင်နိုင်ပါသည်။

အောက်ပါလုပ်ငန်းများပြီးမြောက်ရန် လုံလောက်သည့် ကြာမြင့်ချိန်မှာ -

က) ကျေးရွာအသစ်များတွင် မိတ်ဆက်စကားဆိုခြင်း၊ တန်ဘိုးထားလေ့လာခြင်း (AI)၊ လုပ်ငန်းအဆင့်ဆင့် လုပ်ဆောင်ကာ ရပ်ရွာလူထုအား အကူအညီပေးနေသည့် ကိုယ့်အားကိုယ်ကိုးအဖွဲ့များအား ရှာဖွေခြင်း၊

ခ) ရံပုံငွေကြောင့် ပြဿနာကြီးငယ် မဖြစ်စေရန်ဒေသနှင့်ကိုက်ညီမှုရှိသည့် ဒေသတွင်းထိခိုက်မှု နည်းစေသော စနစ်များကိုရှာဖွေဖော်ထုတ်ရန်၊

ဂ) တက်ကြွလှုပ်ရှားနေသောဒေသခံအစုအဖွဲ့များကို ၎င်းတို့၏ကိုယ်ပိုင်စီမံကိန်းလုပ်ငန်းများကို အကောင် အထည်ဖော် လုပ်ဆောင်နိုင်အောင် အသေးစားစီမံကိန်းလျှောက်ထားခြင်းဆိုင်ရာ စနစ်များကို မိတ်ဆက်ရှင်းပြခြင်း၊ လိုအပ်သည်တို့ကို အကူအညီ ပေးခြင်း။ (အထူးသဖြင့် မိမိကိုယ်မိမိယုံကြည်မှု အားနည်း သည့် အပယ်ခံအုပ်စုများ)

ဃ) အသေးစားစီမံကိန်းအကောင်အထည်ဖော်မှုပြီးစီးသောအခါ၊ အစီရင်ခံစာရေးသားရန် အကူအညီပေးခြင်း၊ ထိုအစီရင်ခံစာ အခြေပြု၍ အတွေ့အကြုံမှ သင်ယူနိုင်အောင် အကူအညီပေးခြင်း၊ နောက်တဆင့်ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းများအတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းများကို အကူအညီပေးခြင်း။

င) သင်ခန်းစာများ၊ အတွေ့အကြုံများမျှဝေရန်၊ ရပ်ရွာအခြေပြုအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် လက်တွဲလုပ်ဆောင်မှုများကို မြှင့်တင်ပေးရန်အတွက် ရပ်ရွာအဖွဲ့များအား ချိတ်ဆက်ပေးခြင်း။

၅. ရပ်ရွာလူထုအား ကွင်းဆင်းအထောက်အကူပေးရမည့်အပြင် လုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် အောက်ပါအချက်များကိုလည်း သတိတရထည့်သွင်းစဉ်းစားရန်လိုပေသည်....

- ဘဏ်မှငွေထုတ်ရန် အချိန်ပို ကုန်ခြင်း
- ဒေသခံအဖွဲ့များသို့ ငွေပေးပို့ရာတွင် ကြန့်ကြာခြင်း
- ဒေသခံအဖွဲ့များသို့ အခြေခံငွေစာရင်းသင်တန်းပေးခြင်း (ငွေစာရင်း၊ ဘောက်ချာထိန်းသိမ်းမှု)
- အကူအညီပေးသည့်အဖွဲ့များအားလုံးအား ငွေစာရင်းလချုပ်၊ အချုပ်များ ရေးသွင်းတတ်အောင် သင်ပေးခြင်း၊
- (______________________) သို့တင်ပြရန် အစီရင်ခံစာရေးသားခြင်း။

သင့်အဖွဲ့အစည်းမှာ ဝန်ထမ်းလုံလောက်မှုရှိပါသလား? နောက်ထပ်ဝန်ထမ်းထပ်မံခန့်ထားဖို့ အစီအစဉ် ရှိပါသလား? သူတို့ကို သင်ကိုယ်တိုင် sclr ချဉ်းကပ်နည်းလမ်းကို လေ့ကျင့်သင်ကြားပေးနိုင်ပါသလား?

၆. အသေးစားစီမံကိန်းရံပုံငွေ ဒေါ်လာ ၂၀,၀၀၀ ထောက်ပံ့မှုတစ်ခုတိုင်းတွင် မြန်မာငွေ သိန်း ၂၀ တန်သည့် အသေးစားစီမံကိန်း ၈ ခုကို ခန့်မှန်းခြေအားဖြင့် ထောက်ပံ့ရမည်ဖြစ်သည်။ ကျန်သောရံပုံငွေကို NNGO ၏ ဝန်ထမ်းလစာ၊ ထောက်ပံ့ရေးလုပ်ငန်းကုန်ကျစရိတ်၊ ဆက်သွယ်ရေးစရိတ်၊ လိုအပ်သည့် ပစ္စည်းများဝယ်ယူမှု၊ စီမံခန့်ခွဲမှုကုန်ကျစရိတ်များအတွက် အသုံးပြုနိုင်သည်။ ခန့်မှန်းချေအားဖြင့် ဒေါ်လာ ၆၀၀၀ ခန့်ရှိပြီး စုစုပေါင်းအသေးစားစီမံကိန်းများကုန်ကျစရိတ်အဝ၀၏ ၃၀% ခန့်ရှိနိုင်ပေသည်။ ထိုတူညီသော ကာလအတွင်းတွင်ပင် အသေးစားစီမံကိန်းအရေအတွက်များများ ထွက်ပေါ်လာကာ ထောက်ပံ့ပေးနိုင်လျှင် NNGO အတွက် ကုန်ကျစရိတ်ရာခိုင်နှုံးမှာ ကျဆင်းသွားမည်ဖြစ်သည်။ အနိမ့်ဆုံးသွင်းအားစုနှင့် ရလာဒ်ကောင်းရအောင် အကျိုးရှိစွာအသုံးပြုသည့် အရေးပေါ်အကူအညီ လုပ်ငန်းများတွင် NNGO အသုံးစရိတ်ကို ၂၅%အထိ လျှော့ချနိုင်ပေသည်။

Progress Tracking Tool

လုပ်ငန်းတိုးတက်မှု ကြီးကြပ်စစ်ဆေးခြင်းပုံစံ (၁)

| အညွှန်း | လျှောက်ထားသူ၏အသေးစိတ် အကြောင်းအရာများ | စီမံကိန်းအမျိုးအစား | စီမံကိန်းကာလ | တောင်းဆိုမှုများကို ကူညီပံ့ပိုးပေးခြင်း | | | |
|---|---|---|---|---|---|---|---|
| | | | | ရံပုံငွေ | သင်တန်း | ချိတ်ဆက်ခြင်း | နည်းလမ်းပြသပေးခြင်း |
| ၁၀၁ | ACG, ဒေသ။ ရပ်ရွာ။ | ရွာတွင်းလူသွားလမ်းပြင်ဆင်ခြင်း | Xxxxxxxx မှ xxxxxx ထိ | ပမာဏ | အမျိုးအစား | ဘယ်အဖွဲ့တွေနဲ့ ချိတ်ဆက်သည် | ဘယ်သူက ဘယ်ခေါင်းစဉ် |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

Progress Tracking Tool

လုပ်ငန်းတိုးတက်မှု ကြီးကြပ်စစ်ဆေးခြင်းပုံစံ (၂)

| လျှောက်ထားသည့် နေ့စွဲ | ဆုံးဖြတ်ချက်ချသည့်နေ့ | ရံပုံငွေထုတ်ပေးသည့်နေ့ | | သင်တန်းများပေးသည့်နေ့ | | ချိတ်ဆက်ပေးခြင်းများ | | လုပ်ငန်းပြီးဆုံးသည့်နေ့ | အစီရင်ခံစာပေးပို့သည့် နေ့ | သင်ယူမှုကို အကူအညီပေးသည့်နေ့ | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နေ့စွဲ | ပမာဏ | နေ့စွဲ | အမျိုးအစား | နေ့စွဲ | အဖွဲ့ | | | နေ့စွဲ | အကူအညီပေးသူအမည် |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |

## Workshop review

## အလုပ်ရုံဆွေးနွေးပွဲကို သုံးသပ်ခြင်း

1. Was the workshop better or same or less good than your expectations? Write brief reason why.

ဤအလုပ်ရုံဆွေးနွေးပွဲသည် သင်မျှော်လင့်ထားသည်ထက် ပိုကောင်းပါသလား၊ ထပ်တူကျပါသလား၊ အားနည်းပါသလား။ အဘယ့်ကြောင့်ပါလဲ။

2. Do you feel confident enough to start piloting sclr in practice now (and continue to learn-by-doing)?

ကိုယ်ထူကိုယ်ထချဉ်းကပ်နည်းလမ်းကို လက်တွေ့ကျင့်သုံးရန်အတွက် သင့်အနေဖြင့်ယုံကြည်မှုရှိပါပြီလား။ ထို့အပြင် လုပ်ငန်းလုပ်ဆောင်ရင်း သင်ယူရန် ဆက်လက်လုပ်ဆောင်နိုင်ပါသလား။

3. Are there any components or steps of sclr that you still feel you want more training on? If so, which are these?

   သင့်အနေဖြင့် ထပ်မံသင်ယူလိုသော ကိုယ်ထူကိုယ်ထလုပ်ငန်းစဉ်၏ အဆင့်များ၊ကဏ္ဍများရှိလျှင်ဖော်ပြပေးပါ။

4. Was the workshop duration too long, or reasonable, or too short?

   အလုပ်ရုံဆွေးနွေးပွဲ ကာလသည် - ရှည်လျားလွန်းပါသလား။ ပုံမှန်ပဲလား။ ကာလတိုတောင်းပါသလား။

5. Was the division of time between presentations, group work and plenary discussion ok (ie was the mix about right)? If not ok, what would be better a mix next time?

   ဤအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သော တင်ပြမှုများ၊ အဖွဲ့လိုက်လုပ်ဆောင်မှုများနှင့် အပြန်အလှန်ဆွေးနွေးမှုများကို ဟန်ချက်ညီစွာ အသုံးပြုသည်ဟုယူဆပါသလား။ မယူဆပါက မည်သည်တို့ကို ပိုမိုထည့်သွင်းသင့်ပါသလဲ။

6. Add any other comments and advice as you wish.

   သင်၏ကောက်ချက်နှင့် အကြံပြုချက်များကို လွတ်လပ်စွာပေးနိုင်ပါသည်။